www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၆၉၀၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၁၉၀၂၁၁
၂၀၁၁ခုနှစ်၊ မတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀ဝ/-)ကျပ်

❑ **ထုတ်ဝေသူ**

ဦးသစ်လွင်၊ ဂန္ဓာဝါမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊
ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**

ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ခ်ျ၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**

**ရဲရင့်အောင်စာပေ**

အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃

ဂမ္ဘီရမောင်ရွှေ
လူထူးလူဆန်းတစ်ယောက်/ ဂမ္ဘီရမောင်ရွှေ။ - ရန်ကုန်၊
ဂန္ဓာဝါမြိုင်စာပေ၊ ၂၀၁၀။
၁၂၀-စာ၊ ၁၃၀ x ၂၀၇ စင်တီ။
(၁) လူထူးလူဆန်းတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သောအခန်းများ


အခန်း ၁။ ဇာတ်လမ်းအဖွင့်

အခန်း ၂။ ရောက်ခဲ့ရသော ဘကြီး၏အသုဘ

အခန်း ၃။ ကျော့ကိဘီလူးခင်မောင်နှင့်တွေ့ဆုံခြင်း

အခန်း ၄။ အသုဘချသည့်နေ့

အခန်း ၅။ ဝင်ရောက်ပူးကပ်လာသော ဝိညာဉ်

အခန်း ၆။ သရဲမွေးသူ

အခန်း ၇။ ချစ်တတ်သူ လူကြမ်းသမား

အခန်း ၈။ ရည်းစားလူလု အူနုကျွဲခတ်

အခန်း ၉။ အောက်လမ်းဆရာနှင့်သရဲတို့၏ အညမည

အခန်း ၁၀။ မင်းဒင်နှင့်မြခက်တို့၏ ကိုယ်ရေးရာဇဝင်အကျဉ်း


www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၁။ လက်စားချေပြသော ထိုမိန်းမ

အခန်း ၁၂။ နတ်ဝင်သည်တို့၏ဘဝ

အခန်း ၁၃။ အကြွေးပေးသူနှင့်အကြွေးဆပ်သူ

အခန်း ၁၄။ ပုံရိပ်တို့၏ အငွေ့အသက်

အခန်း ၁၅။ မဆယ်ဆိုသော မိန်းမတစ်ယောက်

အခန်း ၁၆။ ဒဿလို အချစ်မျိုး

အခန်း ၁၇။ ကံကြမ္မာ အလှည့်အပြောင်း

အခန်း ၁၈။ ချိန်းဆိုထားမှု

အခန်း ၁၉။ ဘဝ . . . ဘဝ . . . တို့၏ အနှင်းခံကျောက်ဘီလူး

အခန်း ၂၀။ သံသရာ သည်ဘဝ သည်မျှ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း - ၁

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်လမ်းအဖွင့်

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်လောက်က ဖြူးမြို့အရှေ့ဘက် (၁၀)မိုင်ကျော်ကျော်ခန့်ဝေးသည့်နေရာတွင် စစ်တောင်းမြစ်ကိုမေးတင်ထားသော အုတ်ဖြတ်ဆိုသည့်ရွာလေးရှိခဲ့ဖူးသည်။ ရွာကြီးတစ်ရွာဖြစ်သလို ဖြူးနှင့်ဆက်သွယ်ထားသော ကားလမ်းဂိတ်ဆုံးရာ နေရာလည်းဖြစ်သည်။

ကုန်စုံဆိုင်၊ စားသောက်ဆိုင်တွေရှိသည်။ အဝတ်အထည်ဆိုင်နှင့်ဆန်ဆိုင်တွေရှိသည်။ ကြံအဝယ်ဒိုင်နှင့် လျှော်အဝယ်ဒိုင်တွေရှိသည်။ ပြီးတော့ စစ်တောင်းမြစ်တစ်ဖက်ကမ်းသို့ကူးသည့် ကူးတို့ဆိပ်ရှိသည်။

အုတ်ဖြတ်ရွာကြီး၏ အရှေ့ဘက်သို့မျှော်ကြည့်လျှင် အရှေ့ရိုးမသွယ်သွယ်တန်းတန်းကို လှမ်းမြင်နိုင်သည်။ အနယ်နယ်အရပ်ရပ်ရှိ ကျေးရွာပေါင်းစုံမှ ထင်းအဖြစ်လိုအပ်သော သစ်ပင်တို့ကို ထိုအရှေ့ရိုးမမှပင် ခုတ်ယူလျှက် လှည်းမြီးတိုဖြင့် သယ်ဆောင်ကြလေ့ရှိသည်။

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြစ်တစ်ဖက်ကမ်းတွင် ကျေးရွာအများအပြားရှိပြီး ထင်ရှားသော မြို့လေးမှာ မန်းမြို့ဖြစ်၏။

အုတ်ဖြတ်ရွာမှာ ကျွန်တော့်အမေဇာတိဖြစ်သလို ဆွေမျိုးသားချင်းတွေလည်းရှိသည်။ အမေမှာ ရန်ကုန်မှ ယောက်ျားနှင့်အိမ်ထောင်ကျကာ ပြောင်းရွှေ့နေထိုင်လျက် ကျွန်တော့်အားမွေးဖွားပြီးသည့်နောက် ဇာတိရွာလေးသို့ မကြာမကြာ သွားရောက်လည်ပတ်တတ်တာ ကျွန်တော် မှတ်မိနေသည်။

ကျွန်တော်(၃၀)ကျော် အရွယ်လောက်တွင် ကျွန်တော့်ဘကြီးတစ်ဦး သူများသတ်၍သေဆုံးကြောင်း ကြားသိရသောအခါ အထိတ်တလန့်ဖြစ်လျက် ကျွန်တော်နှင့်အမေ အုတ်ဖြတ်သို့ အပြေးအလွှားရောက်ခဲ့ရပြန်ပါသည်။ ထိုအကြောင်းတရားများနှင့် ယှက်နွယ်၍ အုတ်ဖြတ်သချိုင်းတွင် နေထိုင်ကာ သရဲမွေးစားသော ကျောက်ဘီလူးခင်မောင်ဆိုသောလူနှင့် စတင်ဆုံစည်းခဲ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရောက်ခဲ့ရသော ဘကြီး၏အသွာ

ဖြူးမြို့ ဂုံးကျော်ရှိ အုတ်ဖြတ်ကားဂိတ်မှ လူစီးကားကြီးမှာ လူ
အပြည့်အသိပ်တင်လျက် အရှေ့ဘက်သို့ တအိအိတရွေ့ရွေ့ ထွက်ခွာနေ
သည်။ ကားက အင်ဂျင်မကောင်းသလို လမ်းကလည်း ဆိုးဝါးသေး၏
အမေက တစ်လမ်းလုံး တရှုံ့ရှုံ့ငိုလျက် လိုက်ပါလာခဲ့၏
ကျွန်တော်ကသာ ဘကြီးဟုခေါ်နေသော်လည်း အမှန်တော်စပ်သည်မှာ
အမေ့အစ်မ၏ယောကျ်ားဖြစ်သည်။ အညာသားတစ်ယောက်ဖြစ်သလို
ဘဝကို ရိုးဖြောင့်စွာ ဖြတ်သန်းနေသူလည်းဖြစ်ပါ၏။ တောင်ယာအလုပ်
ကို ကြိုးကြိုးစားစားလုပ်သလို အနေအေးလျက် ဖနီးမယားကို ချစ်တတ်သူ
ဖြစ်သည်။ အရက်မသောက်၊ အလောင်းအစားဝါသနာပါသူမဟုတ်၊
ရေချွေးကြမ်းတစ်အိုးနှင့် အမြည်းကောင်းကောင်းရှိလျှင် သူ့အတွက်
ပြည့်စုံနေပြီ။ သည်လိုလူမျိုးကိုမှ အသတ်ခံရသည်ဆိုတော့ ...

"ကိတ်ပါတော့ အမေရယ် လူတွေကြားထဲမှာ"

"အမေ့ခဲအိုရဲ့အဖြစ်က ဆိုးလွန်းလို့ပါကွယ်"

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း ဘယ်စိတ်ကောင်းပါ့မလဲ အမေရယ် ... အမေ့ကျွန်းမာရေး ထိခိုက်မှာစိုးလို့ပြောတာ တိတ်တော့"

အနားတွင်ထိုင်လိုက်ပါလာသည့် ခရီးသွားဖော်မိန်းမတစ်ချို့က ယိုစုကြသည်။

တောခလေ့အတိုင်းပင်။ အမေကပြောပြတော့ ...

"ဪ ... ဟုတ်တယ်၊ ဟုတ်တယ် အုတ်ဖြတ်က ဦးညိုမဟုတ်လား၊ ကြားလိုက်တယ် ... ကြားလိုက်တယ်၊ မနေ့က မနက်ပိုင်းကြီး ဆုံးသွားတာ၊ အမှန်က သူနဲ့ဘာမှဆိုင်တာမဟုတ်ဘူး၊ လူနှစ်ယောက် ရန်ဖြစ်တာကို သူကကြားကနေဝင်ဆွဲရာကနေပြီး အထိုးခံလိုက်ရတာ၊ နေရာတင် ပွဲချင်းပြီးပဲ"

အမေက ထပ်မံမျက်ရည်ကျလျက် ...

"ထင်တယ် ... ထင်တယ် သူ့အကျင့်က အဲဒီလို အများအကျိုးလည်းအရမ်းလုပ်တာ"

သို့ဖြင့် ကားမှာ ဝဲကြီးသို့ရောက်လာခဲ့၏။ ဝဲကြီးအလွန်တွင် သစ်ပင်တို့နှင့်အတူ လုမ်းမြင်နေရပေပြီ။

ကားပေါ်မှဆင်းတော့ ခြံဝကုက္ကိုပင်ကြီးအောက်တွင် အလောင်းကိုပြင်ထားတာတွေ့သည်။ ကက်ဆက်သံက တည့်ည့်၊ ကနားဖျင်းထဲတွင် လူတွေက ရှုတ်စု ရှုတ်စု။ ထုံးခြေတော်ထိုအခါကတတ်နိုင်သူတို့ ဓလေ့အတိုင်း ဆိုင်းထည့်သည်။ ဆိုင်းဝိုင်းမှာ ပြင်ဆင်နေဆဲ။

ကျွန်တော်တို့ရောက်မှန်းသိတော့ ကြီးတော်ကြီးက အိမ်ထဲမှ အုလျားဖားလျားပြေးထွက်လာကြိုရင်း ရင်ဘတ်စည်တီး ချုံးပွဲချငိုပါ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com


သည်တော့ အမေမှာ အစ်မဖြစ်သူနှင့်အပြိုင်အဆိုင် ပွဲကြမ်းကုန်တော့၏။ ကျွန်တော်ကတော့ ဘကြီးအားထည့်ထားသည့် အခေါင်းကိုခပ်ဟဟလေးဖွင့်ကြည့်ဖြစ်၏။ အိပ်ပျော်နေသည့်အတိုင်းပင်။

ဘကြီးက ကျွန်တော့်ကိုအလွန်ချစ်သည်။ ကလေးဘဝကဆိုလျှင်လက်ပေါ်ကမချ။ ကျွန်တော်ပူဆာသမျှ ဘာကိုမဆို လိုက်လျောတတ်သည်ချည်း။

ရန်ကုန်တွင် ကြက်မွေးချင်သည်ဟုဆိုသဖြင့် ကြက်သွေးနှင့်အနက်ရောယှက်နေသည့် တိုက်ကြက်လေးတစ်ကောင် ခြင်းထဲထည့်ကာလက်ဆောင်ပေးခဲ့ဖူးတာလည်း အမှတ်ရမိသည်။

ကျွန်တော် အိမ်ထောင်ကျတော့ မင်္ဂလာပွဲကို ဘကြီးကိုယ်တိုင်ရောက်လာခဲ့သည်။ ရန်ကုန်ကို ပထမဦးဆုံးရောက်ဖူးခြင်းပင်။ (၂)ကျပ်သားခန့်ဆွဲကြိုးနှစ်ကုံးလက်ဖွဲ့သွားသည်။ ကျွန်တော့်သားလေးမွေးတော့ကျွန်တော့်ထက်ပင်ပို၍ချစ်နေပြန်ပါသေးသည်။ ယခု သားမှာ သုံးတန်းရောက်နေပြီး စာမေးပွဲနှင့်တိုက်နေ၍ မခေါ်လာဖြစ်။ သားအတွက်ကြောင့်လည်း ကျွန်တော့်မိန်းမမှာ မနေခဲ့လို့မရ။

ဘကြီးအလောင်းကိုကြည့်လျှက် ကျွန်တော့်မှာမျက်ရည်ပေါက်ပေါက်ကျရ၏။ သားသမီးမထွန်းကားသောကြောင့် တခြားကလေးတွေကိုပဲလိုက်ချစ်နေရရှာသော ဘကြီး။

"လူကောင်းတွေက ဘာလို့မြန်မြန်သေတတ်ကြတာလဲဘကြီးရာ"

ထိုညက ဆိုင်းဖြင့် ညည့်ခံပါသည်။

ရွာကလူတွေကလည်း ဆိုင်းဆို တခုပ်တရအားပေးတတ်ကြ


www.burmeseclassic.com

www.burmeseclassic.com



သည်။ မဏ္ဍပ်နှင့်အပြည့်။

ကျွန်တော်နှင့်ညီကိုဝမ်းကွဲတော်သူ ဖိုးမောင်က ...

"မင်းကို လူထူးလူဆန်းတစ်ယောက် ပြစရာရှိတယ်"

"ဘယ်သူလဲ"

"သူ့နာမည်က ကျောက်ဘီလူးခင်မောင်တဲ့၊ နေတာက သချိုင်းမှာ၊ ဒီဇာတိတော့ မဟုတ်ဘူး၊ ဘယ်အရပ်ကလာမှန်းလည်း ဘယ်သူမှ မသိဘူး၊ လူတော်တော်များများပြောကြတာတော့ သူဟာသရဲတွေကိုမွေးပြီးခိုင်းစားတာတဲ့"

"မဖြစ်နိုင်တာကွာ"

"ဖြစ်နိုင်တာ မဖြစ်နိုင်တာအပထား၊ အများအပြောကတော့ အောက်လမ်းပညာတတ်တာ၊ သရဲတွေနဲ့ အဆက်အသွယ်လုပ်တာ ဆရာတစ်ဆူပဲတဲ့ ကိုင်း ... လာ ငါနဲ့လိုက်ခဲ့"

ထို့ကြောင့် ကျွန်တော် ဘာမှဆက်ပြောမနေတော့ဘဲ ဖိုးမောင်နောက်သို့ အသာလိုက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## ကျောက်ဘီလူးခင်မောင်နှင့် တွေ့ဆုံခြင်း

သောက်တတ်ကြိုက်တတ်သူအတွက် အသုဘရှင်က ချက်အရက်ကို တော်တော်များများဆောင်ထားရသည်။ အိမ်တစ်အိမ်တွင် သီးခြားတိုက်ကျွေးတတ်ကြသည်။ ဆူပူသောင်းကြမ်းမှုကိုတော့ အဖြစ်မခံပါ။ အပျော်သဘောသက်သက်သာ ဖြစ်သည်။

အရက်တိုက်သည့်အိမ်သို့ ဖိုးမောင်က ခေါ်သွားသည်။ အိမ်ပေါ်ရှိဝိုင်းများဆီသို့မတက်ပါ။ အိမ်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် တစ်ယောက်တည်း အေးအေးလူလူ အရက်ထိုင်သောက်နေသော လူတစ်ယောက်ရှိသည်။

"ငါပြောတာ အဲဒီလူပဲ"

ဖိုးမောင်က ခပ်လှမ်းလှမ်းမှ မသိမသာပြသည်။ အသက်(၄၀) ကျော်ခန့်ရှိလောက်မည်။ အင်္ကျီကိုယ်ချပ်နှင့် နွမ်းနွမ်းရိရိပုဆိုးကို ဒူးခေါင်းပေါ်အောင်ဝတ်ထားသည်။ အသားကမည်းမည်း။ မေးရိုးက ငေါ့းထောင့်စပ်စပ်။ မျက်လုံးတစ်ဖက်က တိမ်စွဲနေသေးသည်။ နဖူးခေါင်းက ပွပွ။



www.burmeseclassic.com

www.burmeseclassic.com


နှုတ်ခမ်းကစွဲတွဲ။

ခြုံကြည့်လျှင် သူ့မျက်နှာကိုမြင်ကတည်းက ကြောက်စရာကောင်းနေသည်။ နီကျင်ကျင်ဆံပင်တွေက ခွေခွေကောက်ကောက်။ ဗလကဖောာ့ တုတ်တုတ်ခိုင်ခိုင်ပင်။ ရင်အုံနှင့်လက်မောင်းကြွက်သားတွေကတောင့်တင်းကြံ့ခိုင်နေဆဲ။

ဂုမ်းဖိုက်ဆီတွင် အဲချီးမကျသော ဆေးမှင်ကြောင်ဘီလူးတစ်ကောင်နှင့်အင်းကွက်တွေထိုးထားသေး၏။ လက်မောင်းနှစ်ဖက်တွင်လည်း အမျိုးအမည်မသိ မိစ္ဆာလိုလို တစ္ဆေလိုလိုအရုပ်တွေရှိသည်။

"အင်း ... နည်းနည်းတော့ စိတ်ဝင်စားသလိုပဲ"

"ဒီလူက ဘယ်သူနဲ့မှရောရောယှက်ယှက်နေတာ မဟုတ်ဘူး၊ တစ်ယောက်ထဲ ဘာသိဘာသာနေတယ်၊ သူအကြိုက်ဆုံးက အရက်ပဲ၊ ဘယ်လောက်သောက်သောက် ရုပ်ပျက်ဆင်းပျက်မှောက်မသွားတဲ့အထဲမှာ ဒီလူပါတယ်"

"ငါ ... ဒီလူနဲ့ခဏသွားပြောကြည့်ချင်တယ်"

"မလွယ်ဘူးထင်တယ်"

"ဘာလို့လဲ"

"သူ့စိတ်က တစ်မျိုးကြီး ... နားလည်ရခက်တယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါ သူနဲ့မိတ်သွားဖွဲ့ချင်တယ်"

"မင်းသဘောပဲ ... ငါကတော့ပြန်မယ်၊ လုပ်စရာလေးတွေ ရှိသေးတယ်"

ကျွန်တော်ခေါင်းညိတ်ပြီး ထိုသူ့အနားသို့ တိုးကပ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီမှာ ခဏထိုင်မယ်နော်"

သူက အလန့်တကြားမော့ကြည့်သည်။ ရွာသားတစ်ယောက်လို လေယူလေသိမ်းမဟုတ်တာကြောင့်လည်း ဖြစ်နိုင်ပါ၏။

သူကခေါင်းလည်းမညိတ်၊ ငြင်းဆန်မှုလည်းမပြုဘဲ သူ့အရက်သူ ဆက်သောက်နေလေသည်။ ကျွန်တော်ကသာ အတင်းဝင်ထိုင်လိုက်ခြင်း ဖြစ်၏။

"ခင်ဗျားနာမည် ကျောက်ဘီလူးခင်မောင်နော်"

သူ့ထံမှ တုံ့ပြန်သံထွက်မလာ။

"ကျွန်တော့်နာမည် ဇင်မင်းပါ ... ရန်ကုန်မှာနေတာ၊ အခု ဘကြီးရဲ့နာရေးကြောင့် လာခဲ့တာ"

"ဘယ်လို ဘကြီးလဲ"

ပထမဦးဆုံးကြားလိုက်ရသော ဩရှရှအက်ကွဲကွဲ သူ၏အသံ။

"အမေ့အစ်မရဲ့ ခင်ပွန်းပါ"

"ဪ"

ထိုစကားတစ်လုံးနှင့်ပင် ခေတ္တတိတ်ဆိတ်သွားပြန်ပါ၏။

"ခင်ဗျားက အုတ်ဖြုတ်မှာပဲနေတာလား"

ကျွန်တော်က မသိချင်ယောင်ဆောင်၍မေးလိုက်ခြင်းပင်။ တိုက်ရိုက်ဆိုလျှင် ရှိုင်းရာကျပေမည်။ လူတစ်ယောက်၏ဘဝကို ကျွန်တော် လိုကောင်က ခြေခြေမြစ်မြစ်သိချင်သည် မဟုတ်လား။

"သချိုင်းမှာ"

"သချိုင်းမှာ ဟုတ်လား"

"ကိုယ်ပိုင်မြေမရှိတော့ နေလို့ရတဲ့ဆီမှာ တဲထိုးနေရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မကြောက်ဘူးလား"

"ဘာကြောက်စရာလိုလဲ၊ လူတိုင်း သေမျိုးတွေချည်းပဲဥစ္စာ"

"ဟိုလေ ... သရဲတွေ ဘာတွေ"

"သရဲဆိုတာ သင်္ချိုင်းမှာတင်နေတာမှ မဟုတ်ဘူး၊ ရွာထဲမှာ လည်းနေကြတာပဲ"

"သရဲကိုတွေ့ဖူးလား"

"တချို့ဆို အပေါင်းအသင်းတွေတောင် ဖြစ်နေပြီ"

"ခင်ဗျာ"

သူပြောပုံက တစ်မျိုးမှတကယ့်တစ်မျိုးဖြစ်သည်။ လက်စသတ် အရက်ခွက်ကိုမော့လိုက်သည်။

"နေပါဦးဗျ ... ကျွန်တော်အရက်နဲ့အမြည်းထပ်မှာပေးပါ့မယ်၊ ကိုက်သလောက်သောက်သွားပါ ... "

"တော်ပြီ ... တော်ပြီ ... စောစောက အရက်တစ်လုံးတောင်း ပြီးခါးထိုးထားတာရှိသေးတယ် ... မင်းလာပြီးစကားပြောနေတာနဲ့ ဆိုင်း တောင်ဖြောင့်ဖြောင့် နားထောင်လို့မရဘူး ... တဲရောက်မှ ဖိမ်ခံသောက် ရင်း နားထောင်တော့မယ်"

ပြောပြောဆိုဆို ကွပ်ပျစ်ပေါ်မှဆင်းကာ ဖိနပ်ပင်မပါဘဲ ထွက် သွားလေသည်။ ကျွန်တော့်မှာသာ တစ်ပိုင်းတစ်စနှင့် ... ကျွန်တော်ပြုံးမိ သည်။ ကျောက်ဘီလူးခင်မောင်ဆိုသောသူသည် ပေါင်းရသင်းရတော်တော် ခက်မည့်လူတစ်ယောက်ပါလားဟု နားလည်လိုက်ခြင်းကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com

## အသုဘချသည့်နေ့

ကျွန်တော်တို့နယ်ပိုင်းတွင် ရန်ကုန်လိုမဟုတ်။ ရန်ကုန်တွင် ရက်လည်သည့်နေ့တွင်မှ အကျွေးအမွေးနှင့် ညှိခံတတ်သော်လည်း တောရွာတွင် အသုဘချသောနေ့တွင် ကျွေးမွေးခြင်း အကူငွေလက်ခံခြင်းနှင့် အသုဘသင်္ဂြိုဟ်ခြင်းများကို တစ်ပြိုင်တည်းလုပ်ဆောင်ကြသည်။

ဘကြီးကိစ္စတွင် ဝက်သားကျွေးသည်။ မိတ်ဆွေသင်္ဂဟပေါများသောကြောင့် အကူငွေလည်း ရက်ရက်ရောရော ထည့်ကြသည်။ မည်သည့်ပြဿနာတစ်စုံတစ်ရာမှ မပေါ်ခဲ့။ ဘကြီးကိုယ်တိုင်ပင် မပြေမှုလည်းဖြစ်ကြသည့်လူနှစ်ယောက်ကို ဖြန်ဖြေပေးရာမှ အသက်ဆုံးပါးသွားသည်မှီ ရွာသားတွေဘယ်လောက်မှုမှု ပြဿနာမရှာကြ။

နေ့လယ်(၁၂)နာရီကျော်တော့ အလောင်းကို သင်္ချိုင်းသို့ပို့ဆောင်ကြ၏။ လှည်းပေါ်သို့ အလောင်းတင်၍ယောက်ျားသားတချို့က ဆွဲကြခြင်းဖြစ်သည်။ ဗျိုင်းတောင် ကီးဝိုင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသာနိုးနားအရောက်တွင် အလောင်းကစားကြသည်။ ရှေ့လူနှင့်နောက်လူအခင်အားချင်း စိန်ခေါ်ကြခြင်းပင်။ အလောင်းမှာ ရှေ့တိုးခနောက်တိုးငင် သို့မဟုတ် ချာချာလည်နေတော့၏။ ထိုအခါ လူကြီးသူမတချို့က တော်ဖို့ဟန့်တားကြရသည်။

မြေမြတွင်းတူးသည့် ဇနရာအရောက်တွင် ကြို့တင်စောင့်နေသူတချို့က မြေစိုင်မြေခဲတချို့ကိုကိုင်ကာ အလောင်းဆီသို့မှန်း၍ပစ်ကာ "နောက်လာဦးမလား" ဟု အော်ကြသည်။ အသုဘလှည်းဆွဲသူတို့ကလည်း "နောက်မလာတော့ပါဘူး" ဟု လှမ်းပြောကြသည်။ အလောင်းမြေချတော့ ဆွေမျိုးသားချင်းတစ်စု ထိန်းမရ သိမ်းမရ အော်ဟစ်ငိုသူတွေကမနည်း။

ကျွန်တော် နောက်ဆုံးအနေနှင့် မြေကြီးပေါ်တွင် ထိုင်ကာ ရှစ်ခိုးကန်တော့လိုက်၏။

"ဘကြီး ကောင်းရာဘုံဌာနသို့ရောက်ပါစေ"

သင်္ဂြိုဟ်ခြင်းအမှုအားလုံးပြီးဆုံးသွားသောအခါ အားလုံးလိုလိုပြန်သွားကြသည်။ ကျွန်တော်နှင့်ဖိုးမောင်နှစ်ယောက်သာ ကျန်တော့၏။

"ဒီမြေကျင်းကို ကျောက်ဘီပူးခင်မောင်တူးပေးတာ"

"ဟုတ်လား"

"သူနေတာ ဘယ်မှာလဲ"

"ဟော့ဟိုက တဲလေးပဲ"

သချိုင်းအစပ် ဝါးရုံပင်များအောက်တွင် ဆယ်ပေပတ်လည်ခန့်ဝါးတဲလေး။ ပတ်ဝန်းကျင်နှင့်ဝါးတဲလေးမှာ နည်းနည်းကဗျာဆန်နေသည်။ တဲရှေ့တွင် အဟက်ပုပ်တချို့ရှိသည်။ ဝါးရုံတောနှင့်ကိုင်းပင်တွေရှိသည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com


ဖက်တွင် ခပ်ကျဲကျဲစီးဆင်းနေသော စစ်တောင်းမြစ်ရှိသည်။ အရှေ့ ရိုးမ မှိုင်းပျပျက တဲလေးကို နောက်ခံပေးထားသလို၊ အပြာရောင် ကောင်းကင်နှင့်ဖြူဖြူဆွတ်ဆွတ်တိမ်တွေက ထပ်မံပံ့ပိုးပေးထားပြန်သည်။

''လွမ်းစရာတောင်ကောင်းသေးတော့တယ်၊ ဒါနဲ့ ဘာလို့ ကျောက်ဘီလူးဆိုပြီး နာမည်ရှေ့မှာတပ်ရတာလဲ''

''သူ့ရုပ်ကို မင်းမြင်ရက်သားနဲ့ မျက်နှာကိုက ဘီလူးပုံပေါက်နေတာ ... နောက်ပြီး ရင်ဘတ်မှာ ဘီလူးပုံကြီးနဲ့၊ နောက်ပြီး ရွာထဲမှာ ခင်မောင်တစ်ယောက်ကရှိသေးတော့ ကွဲသွားအောင် ကျောက်ဘီလူး တပ်ခေါ်တာ''

''ဘာလုပ်စားလဲ''

''ပုံမှန်တော့မရှိဘူး၊ မြေကျင်းတူးတယ်၊ အုန်းပင်တက်တယ်၊ ထင်းခုတ်ပြီးရောင်းတယ်၊ ကောက်သင်းကောက်တယ်၊ အဲဒါ အရက်ဖိုးရှာတာ၊ စားဖို့သောက်ဖို့ကတော့ တောပဲကွာဘာပူစရာလိုလဲ၊ နောက်ဆုံး ဘုန်းကြီးကျောင်းသွားပြီး တောင်းစားတာတောင်ဖြစ်တယ်''

''မင်း ... သူ့အိမ်ရောက်ဖူးလား''

''ပေါက်ပေါက်ရှာရှာ ... ဘာပတ်သက်လို့လဲ''

ထိုမျှနှင့်ပင် စကားလက်စသတ်လိုက်ပြီး ကျွန်တော့်တို့ သချိုင်းမှ အိမ်သို့ပြန်လာခဲ့သည်။ ထိုညတွင်ပင် ကြီးတော်ကြီးအိမ်၌ ထူးဆန်းသော အဖြစ်ပျက်တစ်ခု ဖြစ်ပွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဝင်ရောက်မှုးကာပ်လာသော ပိညာဉ်

ကြီးတော်ကြီးအိမ်တွင် ရပ်ဝေးမှဆွေမျိုးသားချင်းတချို့ မပြန်သေး။ တချို့စကားဝိုင်းပြော သူကပြော။ တချို့လည်း ပင်ပန်းလို့အိပ်ပျော်ကုန်ပြီ။

ဘကြီးအား မားဖြင့်ထိုးသွားသူမှာ ဖြစ်ဖြစ်ခြင်း ကြောက်အားလန့်အားဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရဲကအပူတပြင်းရှာဖွေလျက်ရှိနေဆဲ။ ထိုသူ့နာမည်က ကိုသာဒင်။ သာဒင့်အကြောင်းကို ထိုအချိန်မှာ ပြောလို့အကောင်းဆုံးဖြစ်နေသည်။

ည(၈)နာရီကျော်ကျော်လောက်ရှိမည်။ မသေးမျှင်ဆိုသော မိန်းမတစ်ယောက် အိမ်ပေါ်သို့ ဝုန်းခနဲ တက်ပြေးလာသည်။

"အမလေး"

"ဟဲ့ မသေးမျှင် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

မသေးမျှင် မျက်စိမျက်နှာပျက်လျက် ထိတ်ထိတ်ပျာပျာဖြစ်နေသည်။ ချက်ချင်းစကားမပြောနိုင်သေး။ ခဏနေမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို သူရဲခြောက်လှတာလိုက်လို့"

"ဘယ်မှာလဲ"

"အိမ်သာနားမှာ"

"ဘယ်လိုခြောက်တာလဲ"

"ကျုပ် အိမ်သာတက်နေစဉ် တံခါးကိုတစ်ယောက်ယောက်က လာတွန်းနေလို့ နောက်ရပ်မလားဆိုပြီး ဆဲတောင်ဆဲလိုက်မိသေးတာ၊ ကိစ္စပြီးလို့ထွက်ပြီး ဟိုကြည့် သည်ကြည့်လုပ်တော့ အမလေး ဖြူဖြူကြီးက မားမားကြီးရပ်လို့ ... ဦးညိုပဲဖြစ်မှာ"

"မျက်စိအမြင်မှားတာနေပါလိမ့်မယ်ဟာ"

"မမှားပါဘူးတော် ကျုပ်သေသေချာချာကို မြင်လိုက်ရတာပါ"

"အင်း ... အစိမ်းသေဆိုတော့လည်း ဘယ်ပြောလို့ရမလဲ"

ထို့နောက် တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ ပေးကြသည်။

"ကျွတ်ပါ လွတ်ပါစေတော် ကိုညိုရေ အမျှ ... အမျှ"

ကျွန်တော် တွေ့လိုတွေ့ငြား ခြံဘေးရှိ အိမ်သာဆီသို့ သွားကြည့်သေးသည်။

ဘာဆိုဘာမျှမတွေ့။ ထို့နောက် ခြံဝင်းအနှံ့လှည့်ပတ်ကြည့်သည်။ မည်သည့်ဖြူဖြူအရိပ်သဏ္ဌာန်ကိုမှမတွေ့။ ထို့ကြောင့် အိမ်ပေါ် ပြန်တက်လာခဲ့သည်။

အတန်ငယ်ညဉ့်နက်သွားပေပြီ။ ပွဲခင်းထဲတွင်တော့ လူတွေ ဖွဲသန်သန်နှင့်အားပေးနေကြဆဲ။ ယခုလို နာမည်ကျော်ဆိုင်းဆိုင်းဖွဲ့ကို ကြည့်ရနားထောင်ရသည်က ကြုံတောင့်ကြုံခဲကိစ္စ။ သူဌေးဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နာရေးဖြစ်ဖြစ်ကြုံပါမှ။ ကြုံလာလျှင်တောင် ငွေကြေးတတ်နိုင်သူဖြစ်ပါမှ

ထို့ကြောင့် ကိုယ့်ရွာတွင် လာရောက်ဖြေဖျော်ခိုက် မငိုက်မငြူ အားပေးလိုက်မည်ဆိုသော ပရိသတ်ကြောင့် ဆိုင်းဆရာ၏လက်သံကလည်း မြူးကြွသွက်လက်လို့နေပါတော့၏။

ကျွန်တော် နောက်ကျောတွေ တောင့်တင်းလာသည်။ ခရီးပန်းတာကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ခေါင်းဦးလေးကိုယူကာ ခေါင်းတင်လျှက် ကျောခင်းလိုက်သည်။ အသုဘအိမ်မို့ မည်သူမှ စနစ်တကျ အိပ်သူမရှိ။ လွတ်ရာနေရာတွင် ဟိုခွေသည်ခွေတွေချည်း။

ဆိုင်းသံပတ်လုံးတွေကြားမှာ သူ့စိတ်တွေ လွင့်မျောနေသည်။ သည်ကြားထဲ ဘကြီးသေဆုံးပုံကို အများပြောစကားများနှင့် စိတ်ကူးပုံဖော်ကြည့်နေသည်။ မမြင်နိုင်သော ကံတရားက ရက်ရက်စက်စက် ပြဋ္ဌာန်းလိုက်တာပါပဲလား။ ကိုယ်နှင့်လည်း ဘာမှမဆိုင်၊ ဘာအငြိုးအတေးမှမရှိ၊ ရန်သူနှစ်ယောက်အလယ်ကြားဝင်ခဲ့မိသောကြောင့် ဖြစ်ပေါ်လာသော အကောင်းဆုံးရလာဒ်။ သူသက်ပြင်းကို အသာချသည်။

နောက် စောစောကတင်ဆုံခဲ့ရသော ကျောက်ဘီလူးခင်မောင်။ သူက သရဲမွေးသူဆိုပါလား။ စိတ်ထဲတွင်တော့ တစ်မျိုးဖြစ်နေသည်။ သည်လိုအဖြစ်မျိုးလည်းရှိနေသေးသည်လား။ ယုံခြင်းမယုံခြင်းဆိုတာထက်၊ အဖြစ်ဆန်းလေးတစ်ခုတော့ ရလိုက်သည်ဟုထင်သည်။

ကျွန်တော့်မှာ စာတိုပေစလေးများ ဓါသနာအလျောက် ရေးသားနေရာမှ တချို့စာမူများကို မဂ္ဂဇင်းတိုက်သို့ ပို့ကြည့်သည်။ ကျွန်တော် အားသန်သည်က ဂမ္ဘီရလိုင်း။ တောထဲတောင်ထဲတွင် တရားကျင့်နေသော သူတော်စင်တို့အကြောင်း၊ မမြင်မတွေ့ရသော နာနာဘာဝများကို စိတ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းဆိုသလို ကြားရာက ဇာတိလမ်းဆင်ဖြစ်မှုများ။ သိပ္ပံပညာနှင့် လိုက်၍မမီနိုင်သော စိတ်နှယ်လွန်ဖြစ်ရပ်အကြောင်းအရာပေါင်းစုံကို စိတ်ဝင်စားအောင် ဖန်တီးမှုများ။

ကျွန်တော် ပထမဦးဆုံးပေးပို့သော စာမူကို မဂ္ဂဇင်းတိုက်တစ်ခုက အသုံးပြုခဲ့သောကြောင့် စိတ်ခွန်အားတွေ နိုးကြားခဲ့ရသည်။ ဆက်လက်ရေးရန် မာန်တွေတက်လာခဲ့ရသည်။

ယင်းသို့ဖြင့် မတောက်တခေါက် ဂမ္ဘီရစာရေးဆရာတစ်ယောက် ဖြစ်ခဲ့ရသည်။ အလုပ်တစ်ဖက်ကြောင့် အားသွန်ခွန်စိုက်တော့ မရေးဖြစ်ခဲ့ပါ။ ကျွန်တော် ...

စဉ်းစားရင်း ...

စဉ်းစားရင်း ...

ကျွန်တော့်မျက်လုံးတွေ လေးလံလာသည်။ သမ်းဝေနေလိုက်တာလည်း မကြာခဏ။

မျက်လုံးတွေက စောစောက သရဲခြောက်ခံရသည်ဆိုသော မသေးမျှင်ဆီရောက်သွားသည်။ သူမမှာ ထောင့်လေးတစ်ခုတွင် ကွေးကွေးလေးလှဲနေသည်။ မျက်လုံးတွေက ပွင့်နေသည်မို့ အိပ်မပျော်သေး။ သူ တကယ်အခြောက်ခံခဲ့ရတာလား။ အစွဲစိတ်ကြောင့် ထင်ယောင်ထင်မှားဖြစ်ခဲ့ရတာလား။

သူ မသေးမျှင်ကို ငေးကြည့်နေခိုက် မသေးမျှင် မျက်လုံးတွေ ပြူးကျယ်လာတာ အမှတ်မထင်တွေ့လိုက်ရ၏။

"ဘာကြောင့်လဲ"

သူ စဉ်းစားမရဖြစ်သွားသည်။ ယင်းနောက် သူ့ခါခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး ကတုန်ကယင်ဖြစ်ကာ ငုတ်တုတ်ထထိုင်၏။ မျက်နှာက ပုံမှန်မျက်နှာမဟုတ်။ မဲ့ရွဲ့နေသည်။ လက်နှစ်ဖက်က တဆတ်ဆတ်လှုပ်လျက်။ အိပ်မပျော်နိုင်သေးသည့် ဦးလေးနှင့်အမေက ...

"ဟဲ့ မသေးမျှင် ... မသေးမျှင်"

မခိုးကိုလှုပ်ယမ်းကာ နာမည်ကိုတကျော်ကျော်ခေါ်သည်။ မျက်လုံးတွေ ပိုမိုပြူးကျယ်လာသလို ပါးစပ်တွေလည်း ရွဲ့စောင်းကုန်သည်။ ထိုအချိန် ဆိုင်းသံမကြားရတော့သည်မှာ အံ့ဩစရာကောင်းပါသည်။

"လာကြပါဦး ... ဒီမှာ ... မသေးမျှင် ဘာဖြစ်တယ်မပြောတတ်ဘူး ...."

သူတင်မက တခြားလူတချို့လည်း ထလိုက်ကြ၏။

"မဟုတ်မှလွဲရော ... ဒါ ဝင်စီးတာ ... ဝင်စီးတာ ..."

ဦးလေးက သူထင်ရာကိုပြောသည်။

"ဝင်စီးတာ"

အမေက အူကြောင်ကြောင်ဖြင့် မည်သို့ဝေခွဲရမှန်းမသိဖြစ်နေစဉ် မသေးမျှင်မှာ ယောကျ်ားသံခပ်ဩဩကြီးဖြင့် ...

"မယ်မြ ... မယ်မြ"

မယ်မြဆိုသည်မှာ ဦးညို၏မိန်းမနာမည်။ အသံကလည်း ကိုညို့သံဖြစ်နေသောကြောင့် မမယ်မြ ယောင်တိယောင်နန်နှင့် ...

"ရှင် ... ရှင် ... ကိုညိုမဟုတ်လားဟင်"

"မယ်မြ ငါ့ကိုကျောက်ဘီလူးလက်ကလွတ်အောင် လုပ်ပေး၊ လုပ်ပေး ... သူ ငါ့ကိုနိုင်းတော့မယ်"

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



ဦးညိုစကားကြောင့် မမယ်မြလန့်သွားသည်။ သူက အလျင်စလို နှင့်ပင် ...

"ဘယ်လိုနိုင်းမှာလဲ"

ဦးညိုခေါင်းကိုတွင်တွင်ခါ သည်။ မပြောနိုင်ဆိုသော သဘောပင်။ ပြီးတော့ ဆန့်ငင်ဆန့်ငင်ဖြစ်နေသည်။

"ပြော ... ပြောစမ်းပါ ... ကျုပ်တို့ဘာလုပ်ပေးရမလဲ"

မိန်းမလုပ်သူက ကတုန်ကယင်နှင့်ဝင်ပြောသည်။ ထိုအခါလည်း မပြောပြန်ပါချေ။ တုန်တုန်ရီရီသာ ဖြစ်နေ၏။

"သာဒင် အနောက်တောင်ခြေက ရှမ်းရွာမှာ ပုန်းနေတယ်"

"ဟင် ... "

အားလုံးအံ့သြသွားကြသည်။ ယင်းနောက် ဘာကိုမှ ဆက်မပြော တော့ဘဲ တဖြည်းဖြည်းငြိမ်သက်သွား၏။ နောက် ... ကြမ်းပေါ် ခွေခနဲ လဲကျသွား၏။

"ဟဲ့ ... ဟဲ့ ... နောက်ကနေထူပေးလိုက်ကြစမ်း"

သူမတွင် ချွေးသီးချွေးပေါက်တွေစို့ရွှဲနေသည်။ ခဏနေတော့မှ မသိနိုးနားပုံစံဖြင့် ...

"ကျုပ် ဘာဖြစ်သွားတာလဲဟင်"

"နင် ဘာဆိုဘာမှမသိဘူးလား"

"လုံးလုံးကြီးမသိတာတော့မဟုတ်ဘူး ... တစ်ယောက်ယောက် က ထိန်းချုပ်ထားသလိုမျိုး သတိလစ်သွားလိုက်ပြန်သတိရလာလိုက်နဲ့"

"ဘာပြောခဲ့တယ်ဆိုတာရော မှတ်မိလား"

"ဟင့်အင်း ... မမှတ်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော်ကြီးကတော့ သူ့ယောကျ်ားဝင်ပူးတာမှန်ကြောင်း ယုံကြည်နေသည်။ ကျွန်တော်နှင့်ဦးလေးသိန်းမောင်က တွေးတွေးဆဆ။

"ကျောက်ဘီလူးကတော့ လွန်လွန်းနေပြီကွာ"

"သူ့လက်က လွှတ်အောင်လုပ်ပေး ... ငါ့ကိုနိုင်းတော့မယ်ဆိုတာ ဘာသဘောလဲ"

အဒေါ်တစ်ယောက်က မကျေမနပ်ဝင်ပြောသည်။

"ကျောက်ဘီလူးက အောက်လမ်းပညာသိပ်စွမ်းတာ ဖင်မင်းရဲ့၊ သူ့အတတ်ပညာနဲ့ သေသွားတဲ့လူရဲ့ ဝိညာဉ်တွေကို နိုင်းစားနေတာ၊ မကျေနပ်တဲ့လူ မုန်းတဲ့လူဆိုရင် အဲဒီသရဲတွေကို အသုံးချပြီး သေလောက်အောင် ဒုက္ခပေးတော့တာ"

"မဟုတ်သေးပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ မျက်ဝါးထင်ထင်တွေ့ခဲ့တဲ့လူကတွေ့ပြီး သား"

"ဘယ်သူတွေ့တာလဲ"

"ပညာသည်အချင်းချင်းပေါ့ ... အထက်လမ်းကကောင်းရာ လုပ်နေတဲ့ပုဂ္ဂိုလ်တွေ"

သူ စဉ်းစားရအတော်ကျပ်သွားသည်။ မသေးမျှင်ပြောသွားသော စကားများထဲမှာ တစ်ခွန်းက စိတ်ဝင်စားစရာကောင်းနေပါ၏။

သာဒင် အနောက်တောင်ခြေက ရှမ်းရွာတွင် ပုန်းနေသည်။

အနောက်တောင်ခြေက ရှမ်းရွာ။ အနောက်တောင်ခြေက ရှမ်းရွာ။

ထိုအခိုက် ... အိမ်ပေါ်သို့ လူကြီးတစ်ယောက်တက်လာသည်။

အပေါ်ပိုင်းအင်္ကျီဗလာ။ ကတုံးဆံပင်။ ဘယ်ဘက်မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင်စိုက်ဝင်နေသော ဓားမြှောင်က တန်းလန်း။ မျက်လုံးက ကျွတ်ထွက်လျက် ပါးပြင်ပေါ်တွင် တန်းလန်းဖြစ်နေသည်။

သွေးတွေက ဒလဟောအောက်သို့စီးကျနေ၏။ တစ်ကိုယ်လုံး မီးသွေးခဲလို နက်မှောင်နေသော်လည်း ဘကြီးဦးညိုဖြစ်ကြောင်းကိုတော့ သူ ချက်ချင်းသိလိုက်ပါ၏။

"ဘကြီး"

"ဘကြီး"

သူအားကုန်အော်ဟစ်လိုက်မိ၏။ ဘကြီးမှာ ဘာစကားတစ်ခွန်း ကိုမှမဆိုဘဲ သူ့ဆီကိုသာ တန်းတန်းမတ်မတ်လာနေ၏။

"ဘကြီး"

"ဘကြီး"

အသံတစ်သံက ကျွန်တော့်နားထဲသို့ တိုးဝင်လာသည်။ ဦးလေးက ကျွန်တော့်ကို လှုပ်နိုးနေခြင်းဖြစ်သည်။

"ဇင်မင်း ... ဇင်မင်း ... ဒီကောင် အိပ်ပျော်ပြီးယောင်နေ တာ"

သူနိုးလာတော့ ပတ်ဝန်းကျင်ကို ချက်ချင်းအကဲခတ်လိုက်သည်။ မသေးမျှင်။ မသေးမျှင်တစ်ယောက် ဟောက်သံများပေး၍ပင် နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်နေသည်။ ဆိုင်းကလည်း သိမ်းသွားပြီ။

"မင်း အိပ်မက်,မက်နေတာမဟုတ်လား"

ကျွန်တော် နဖူးပေါ်ရှိ ချွေးစေးများကို ပုဆိုးဖြင့်သုတ်ကာ ခေါင်းညိတ်ပြလိုက်ရ၏။ အိပ်မက်ကိုအိပ်မက်ဟုပင် မထင်လိုက်ရ။ အိပ်မက်နှင့်လည်းမတူ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေကြောင့် ဒီလောက်တောင် အော်နေတာလဲ"

"အိပ်မက်ထဲမှာ ဘကြီးကိုတွေ့လို့"

"ဟေ"

ကျွန်တော် ရေအေးအေးတစ်ခွက်ကို သောက်လိုက်ပြီး အိပ်မက် အကြောင်းကို အေးအေးဆေးဆေးပြောပြနေပါ၏။

"ဘယ်လိုကွ ... သာဒင် ရှမ်းရွာမှာ ပုန်းနေသတဲ့လား"

"အိပ်မက်ထဲမှာတော့ ဒီလိုပဲပြောတာကြားတာပဲ"

"သာဒင်ကိုရှာဖို့ ရဲစခန်းကိုအကြောင်းကြားရမယ်"

"ဟာ မဟုတ်တာ ... ဟိုက လက်ခံပါ့မလား"

"လက်ခံတာ မခံတာသူ့အပိုင်း ... တချို့ဆို လူသတ်တရားခံ ဘယ်သူဘယ်ဝါမှန်းမသိရတဲ့ အမှုအခင်းတွေမှာ သေသူတွေက အိပ်မက် ပေးပြီး တရားခံဖော်တာတွေ မင်းမကြားဖူးဘူးလား"

"လက်တွေ့မဟုတ်ပေမယ့် သူများပြောတာတော့ ကြားဖူးတယ်"

"မယုံမရှိနဲ့မောင် ... ဒါမျိုးတွေက တကယ်ရှိတယ် ... ခုတောင် မင်းအိပ်မက်ကလက်တွေ့ဖြစ်သွားနိုင်သေးတယ်"

တိုက်ဆိုင်မှုလား၊ တကယ်လားမဆိုနိုင်သော်လည်း နောက်နေ့ တွင် နယ်မြေရဲစခန်းသို့ သွားရောက်အကြောင်းကြားလိုက်ရာ ချက်ချင်း ပင် အနောက်ရိုးမတောင်ခြေရှိ ရှမ်းရွာလေးသို့ ပိုက်စိတ်တိုက်ရှာဖွေရာ သာဒင်ကို ဖမ်းမိသွားလေသည်။

ထို့ကြောင့် ကျွန်တော် အလွန်အမင်း အံ့သြခဲ့ရ၏။

တကယ်တကယ်စင် မှန်ကန်နေပါရောလား။

အိပ်မက်က အိပ်မက်အစစ်မှဟုတ်ပါရဲ့လား။

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝတထဲတွင်တော့ မဖော်မကျွတ်စရာဖြစ်မိသည်။ ယင်းမှာ အိပ်မက်ထဲကအတိုင်းဆိုလျှင် ဘကြီးမှာ မကျွတ်မလွတ်ဖြစ်လျက် သရဲတစ္ဆေဘဝသို့ရောက်နေလေပြီ။

ထိုအချက်သည် မကောင်းလှပါ။ ထိုအရာသည် ဝဋ်ကြွေးသာ ဖြစ်တော့မည်။ မြန်မာလူမျိုးဗုဒ္ဓဘာသာပီပီ သူ့အတွက် ကောင်းမှုကုသိုလ်များလုပ်၍ အမျှအတန်းပေးဝေလျှင်ကော ကျွတ်နိုင်မလားဟု တွေး၏။

ပြီးတော့ ဘကြီးကို ကျောက်ဘီလူးက ခိုင်းစားတော့မှာတဲ့။

ကျောက်ဘီလူးကို ထိပ်တိုက်ရင်ဆိုင်တွေ့ဖို့ကတော့ သိပ်မလွယ်။ အောက်လမ်းပညာအကြောင်းကို ကျွန်တော် ရေရေရာရာနားလည်သည် မဟုတ်။ မကောင်းတာမှန်သမျှ အကုန်လုပ်သည်ဟူ၍တော့ အကြမ်းဖျင်း နားလည်ထားသည်။

ကျောက်ဘီလူးခင်မောင်ကရော တကယ့်အောက်လမ်းပညာကို တတ်သူလား။ ဒါမှမဟုတ် ရွာသူရွာသားတွေ၏ မျက်စိစုံမှိတ်ရိုးစွတ်နေသည်ကိုပဲ ခံနေရတာလား။

ကျွန်တော် ကျောက်ဘီလူးကိုလေ့လာချင်ပါသေးသည်။ စကားပြောကြည့်ချင်ပါသေးသည်။ သုံးသပ်ချင်ပါသေးသည်။

ထို့ကြောင့် ...

ကျောက်ဘီလူးနှင့် ဒုတိယအကြိမ်တွေ့ရန် ဆုံးဖြတ်လိုက်သည်။ အမုန်းကရားနှင့်မဟုတ်ဘဲ မေတ္တာတရားနှင့်တွေ့ဆုံခြင်းမျိုး။



www.burmeseclassic.com

www.burmeseclassic.com

## သရဲမွေးသူ

ဆောင်းလေက ဝေ့ဝေ့လေးတိုက်ခတ်နေသည်။ ဆောင်းအကုန်နွေအကူးမို့ လွှန်လွှန်ကဲကဲအေးခြင်းမျိုးတော့ မဖြစ်ပါ။ နေလို့ထိုင်လို့ကောင်းရုံလောက်ပင်။

အမေက ကျွန်တော်ကြိုက်သော ဆီထမင်းကိုထိုးသည်။ ငါးရံ့ခြောက်ကိုမီးဖုတ်ကာ ဆီရွှဲရွှဲလေးဆမ်းလျှက် တွဲဖက်စားရာတွင် အလွန်အရသာရှိလှပါ၏။

ကျွန်တော် ဦးလေးသားချင်းများနှင့် စကားပြောနေခိုက်ထူးဆန်းသောသတင်းတစ်ခု ရောက်လာသည်။

"အချုပ်ခန်းထဲရောက်နေတဲ့ သာဒင် ညကသရဲခြောက်ခံရလို့တဲ့"

ဦးလှဘော်ကဂင်ဝင်လာခြင်း ပြောလိုက်သောစကား။

"ဦးညိုသရဲခြောက်တာ ပြောင်းဆန်နေတာပဲတဲ့ ညကဘာဝန်ကျတဲ့ရဲသားလေးပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ သာဒင် စိတ်ကယောင်ချောက်ချားဖြစ်ပြီး တောပြောတောင်ပြော ပြောသာလားဟု ထင်မိသေးသည်။ သူတင်းက ထိုမျှသာဖြစ်သည်။ တောသူတောင်သားတွေမို့ စကားကို ချဲ့ချဲ့ကားကား ပြောတာလည်း ဖြစ်နိုင်ပါသေး၏။

ကျွန်တော်က ကျောက်ဘီလူးဆီသွားရန် ပြင်ဆင်လိုက်၏။ ဆီထမင်းနှင့်ငါးခြောက်ကို ငှက်ပျောရွက်လေးနှင့်ထုပ်လိုက်၏။ ဘယ်သွားမည် ဘယ်လာမည်ဆိုတာတော့ ဘယ်သူ့ကိုမှ အသိမပေးခဲ့။

ထို့နောက် ကျွန်တော် သချိုင်းဘက်သို့ ထွက်လာခဲ့သည်။ စစ်တောင်းမြစ်ကမ်းပါးအတိုင်း လျှောက်လာခဲ့၏။ ရွာလေးမှာ ကမ်းပါးစောင်းတွင်ဖြစ်နေ၍ နောင်နှစ်ပေါင်းကြာလာသည့်အခါ တိုက်စားသွားနိုင်ကြောင်း ကြိုတွေးမိသည်။

ကမ်းပါးတစ်ဖက်မှ သစ်တိုက်လှည်းတွေအားတင်ဆောင်ကာ ကူးလာသော သဗ္ဗာန်ကြီးနှစ်စင်း ဆက်ဖောင်တွေကို တွေ့နေရ၏။ ခရီးသွားတွေလည်းပါသည်။

ကျွန်တော် လတ်ဆတ်သောလေကို တစ်ဝကြီးရှူလိုက်တော့ စိတ်တွေလန်းဆန်းသွားရ၏။

နောက် အုတ်ဖြတ်သချိုင်းကို လှမ်းမြင်နေရသည်။ ကျောက်ဘီလူးတဲကတော့ လှုပ်ယမ်းနေသည့် ဝါးရုံပင်တွေအောက်တွင် ငြိမ်ငြိမ်သက်သက်။

ကျွန်တော် သချိုင်းမြေဘက်သို့ ချိုးကွေ့လိုက်သည်။ အုတ်ဂူတချို့နှင့် မြေပုံများကြားမှ ဖြတ်လာခဲ့သည်။ မကြာ ကျောက်ဘီလူးတဲသို့ ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခြေအနေကို လှမ်းအကဲခတ်လိုက်သည်။ အားလုံး တိတ်တိတ်ဆိတ်ဆိတ်။

"ဒီလူ ရှိမှရှိပါ့မလား"

ကျွန်တော် ခြေဖွဖွလေးနင်းကာ တဲအတွင်းသို့လှမ်းကြည့်လိုက်သည်။ ကျောက်ဘီလူးပက်လက်ကြီး အိပ်ပျော်နေသည်။ တဲလေးအတွင်းတွင် အကာအရံ ဘာမျှမရှိ၊ ဘုရားစင်မရှိ၊ ခြောက်သွေ့နေသည့် အ,သုဘ ပို့ ပန်းခွေတချို့တွေ့ရသည်။ ရှုံ့ဖြင့်ထုထားပုံရသော သရဲလိုလို စုန်းလိုလို ထဘီရင်လျားနှင့် မိန်းမရုပ်တု(၃)ခုနှင့် ကြောက်စရာကောင်းလောက်အောင် မျက်နှာပေါက်ဆိုးလှသည့် မည်းမည်းကြုတ်ကြုတ် ယောက်ျားနှစ်ယောက် ၏ရုပ်တု။

နောက် ... အရက်ပုလင်းတချို့နှင့် ပိန်လိန်နေသော မည်းမည်း သည်းသည်း ဒန်အိုးနှစ်လုံးလောက်တွေ့သည်။ ဖျာအစုတ်တစ်ချပ်၊ ပေပေ ညစ်ညစ်ခေါင်းဦးတစ်လုံးနှင့် ချေးအထပ်ထပ်တက်နေသော စောင်တစ်ထည်။ ကျောက်ဘီလူး၏တဲအတွင်းတွင် မြင်ရသမျှတော့ ထိုမျှလောက်သာ။

မသိစိတ်က နိုးဆော်လိုက်လို့လားမသိ။ ကျောက်ဘီလူးမျက်လုံး တွေပွင့်သွားသည်။ ကျွန်တော့်ကိုမြင်တော့ မျက်မှောင်ကြုတ်သွားသည်။ ကျွန်တော့်ကို မှတ်မိပုံတော့ပေါ်သည်။ သူအိပ်ရာမှ လူးလဲထလိုက်သည်။

"ဘာလာလုပ်တာလဲ"

မေးလိုက်သည့် အမူအရာက သိပ်ဘဝင်မကျသည့်ဟန်ပန်။

"ဘာရယ်လို့မဟုတ်ပါဘူး ... ခင်ဗျားဆီလာချင်တာနဲ့"

"လာစရာ အကြောင်းဘာမှမရှိဘူး"

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲဗျာ ... ကျွန်တော်က ဂမ္ဘီရဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ မတောက်တခေါက်ရေးတဲ့ စာရေးဆရာပါ . . . ခင်ဗျားလို ခပ်ဆန်းဆန်းလူတစ်ယောက်ကိုတွေ့တော့ စိတ်ဝင်စားမိလို့ပါ"

"ခင်ဗျားက စာရေးဆရာ"

"ဟုတ်ပါတယ်"

သူ့မျက်နှာပြင်ပေါ်က မာထန်မှုတွေ အနည်းငယ်လျော့ကျသွားသည်ဟု ထင်လိုက်ရ၏။

"ကိုင်း . . . ဒါ ခင်ဗျားအတွက်ယူလာတာ"

ကျွန်တော်က ဆီထမင်းထုပ်ကို သူ့ရှေ့ထိုးပေးလိုက်သည်။

"ဘာလဲ"

ကျွန်တော်က ပါးစပ်ဖြင့်မဖြေတော့။ ငှက်ပျောရွက်ဖတ်ထေးများကို လှန်ပြလိုက်သည်။

ဝင်းဝင်းဝါဝါ ဆီထမင်းနှင့်ပါးခြောက်ကိုမြင်တော့ ဆာနေသည့် မျက်လုံးများကို အတိုင်းသားမြင်နေရ၏။

အရက်အလွန်အကျွံသောက်သူတိုင်းသည် အစားအစာကို ပုံမှန်စားလေ့မရှိကြ။

"ကျုပ် . . . မနေ့ကတည်းက ထမင်းမစားရသေးဘူး"

"စားပါဗျ . . . စားပါ၊ တမင် ခင်ဗျားစားဖို့ ယူလာခဲ့တာပဲ"

ကျောက်ဘီလူး ဟန်မဆောင်နိုင်တော့ချေ။ ဆီထမင်းကို ပလုပ်ပလောင်းစားပါလေတော့၏။

သူ့ကိုကြည့်ရသည်မှာ အားရပါးရ ရှိလှပါ၏။

ပါလာသမျှကို တဝတပြဲစားသုံးလိုက်ပြီးသည့်နောက် ပါးကျည်တောက်ထဲမှရေကိုသောက်ကာ လက်ကို ပုဆိုးနှင့်ပင်သုတ်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်၌ ဆေးလိပ်တိုကို မီးညှိရှိုက်ကာ

"အားပါး . . . ခုမှပဲ နေသာထိုင်သာရှိတော့တယ်"

လေအေးလေးက တဝေ့ဝေ့တိုက်နေသည်။ မြစ်ပြင်ကျယ်ကို မျှော်မှန်းကြည့်တော့ နေရောင်ကြောင့် စီးနေသော ရေတို့မှာ တလက်လက်။

"နေစမ်းပါဦး . . . ခင်ဗျားက ကျုပ်ကို ဘာစိတ်ဝင်စားတာလဲ"

"ခင်ဗျား ဒီလိုသီးသီးခြားခြားနေတာနဲ့ လူတွေနဲ့ဆက်ဆံရေး ပဲ့တာ"

"ကျုပ်က သချိုင်းမှာနေပြီး . . . သရဲကိုမွေးထားတဲ့ကောင်ပဲ ဗျ"

"ခင်ဗျာ"

ထိုသို့ တိုက်ရိုက်ပြောလာလိမ့်မည်ဟု ထင်မထားသောကြောင့် အံ့သြသွားရ၏။

သူက ဆေးလိပ်ကို အေးအေးဆေးဆေး ဆက်ဖွာနေသည်။

"သရဲကို ဘာလို့မွေးရတာလဲ"

တစ်ချက် စဉ်းစားသလိုလုပ်လိုက်သည်။ နောက်မှ . . .

"သရဲမွေးတယ်လို့သာ လွယ်လွယ်ပြောလိုက်တာပါ . . . တကယ်တော့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ဆက်သွယ်ကြတာပါ၊ ကျုပ်က သူတို့လိုအပ်ချက်ကို ကူညီကယ်၊ သူတို့က ကျုပ်လိုအပ်ချက်ကို ပြန်ကူညီတယ်၊ ဒါပါပဲ"

"လိုအပ်ချက်ဆိုတာက"

"ဒါကိုတော့ လောလောဆယ် ကျုပ်ပြောလို့ မဖြစ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သရဲမွေးတာ အောက်လမ်းပညာလား"

"ဆိုပါတော့"

"ဘယ်နှစ်ယောက်ကို မွေးထားတာလဲ"

"များများစားစားမဟုတ်ပါဘူး၊ စုစုပေါင်း(၅)ဦးထဲပါ၊ ဟိုမှာလေ"

သူကရုပ်တုတွေဆီ လက်ညှိုးထိုးပြသည်။ ယောကျ်ားနှစ်ဦးနှင့် မိန်းမသုံးဦး။

"အဲဒါတွေက ဘယ်သူတွေလဲ"

"ဒီဘက်ကကျော်ဘ နောက် မင်းဒင် နောက်တစ်ယောက်က မြခက်၊ နောက် မဆယ် . . . နောက် မမယ်တင့်"

ထိုအထဲတွင် ကျွန်တော့်ဘကြီးနာမည်ပါမလာသဖြင့် နည်းနည်းတော့စိတ်အေးသွားရ၏။

"ကျွန်တော့်ဘကြီးရဲ့ အခြေအနေကရော ဘယ်လိုရှိလဲ"

"ခုလောလောဆယ်တော့ ဝိညာဉ်ဘဝနဲ့ရှိသေးတယ် မကြာခင်တော့ ဘဝတစ်ခုခုကို ကူးသွားမှာပါ"

ကျွန်တော့်အနေနှင့်လည်း ထိုသို့ပင် ဖြစ်စေချင်ပါသည်။

ကျွန်တော်က ထပ်မံစပ်စုလိုဟန်ဖြင့် . . .

"စောစောက(၅)ယောက် ဘာကြောင့်သေကြတာလဲဗျ"

"ကျုပ် သူတို့(၅)ယောက်ရဲ့ ရာဇဝင်တွေကို ခရေစေ့တွင်းကျ သိခဲ့ရပြီးပြီ၊ ညတိုင်း ညတိုင်း ကျုပ်က သူတို့တစ်တွေနဲ့ စကားပြောနေတာ ကောင်ကိုး၊ ရက်တွေဒီလောက်ကြာတော့လည်း အားလုံးပြည့်ပြည့်စုံစုံ သိခဲ့ရတယ်ဆိုပါတော့ . . . ဘာလဲ ခင်ဗျားက စိတ်ဝင်စားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်ပြောပါလိမ့်ဗျာ၊ စာရေးဆရာပဲ _ စိတ်မဝင်စားဘဲ နေပါ့မလား"

"ဒါဆို ကျုပ်တစ်ရက်ကို တစ်ယောက်ချင်းစီရဲ့အကြောင်း ပြောပြမယ်၊ ခင်ဗျားဘက်က အရက်အတွက်တာဝန်ယူ"

"ဟာ သိပ်ဖြစ်တာပေါ့ဗျာ"

သို့ဖြင့် ကျွန်တော်တို့နှစ်ယောက် အပေးအယူတည့်သွားပြီးသည့် နောက် အရက်အမြည်းတင်မကဘဲ စားဖို့သောက်ဖို့ပါ ဖန်တီးပေးခဲ့ပါ သည်။

နောက်ရက်များတွင် ကျွန်တော် သူ့ထံနေ့တိုင်းလိုလိုရောက် ဖြစ်သည်။ သူပြောပြသည့် လူ(၅)ယောက်၏နောက်ကြောင်းရာဇဝင်တွေ က လည်း တစ်ယောက်တစ်မျိုးစီ ထူးထူးဆန်းဆန်းတွေမို့ စိတ်ဝင် စားစရာကောင်းလှပါ၏။

သူပြောပြသည့်အကြောင်းအရာများကို ကျွန်တော်စာအုပ်ဖြင့် မှတ်တမ်းတင်ရင်း ဖတ်၍ကောင်းစေရန် ဝတ္ထုလေးများအဖြစ် ရေးသားခဲ့ ပါသည်။

ထိုအကြောင်းအရာတို့မှာ အောက်ပါအတိုင်းဖြစ်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း - ၂



www.burmeseclassic.com

www.burmeseclassic.com

## ချစ်တတ်သူလူကြမ်းသမား

ထိုရွာလေးတွင် "ကျော်ဘ" ဟုဆိုလျှင် ရွာသားတွေက နှာခေါင်းရှုံ့ကြသည်။ ကျော်ဘမှာ ဆွေမရှိ မျိုးမရှိတစ်ကောင်ကြွက်။ တခြားတစ်နေရာမှရောက်လာသူ။ ပေပေတေတေ မိုက်မိုက်ကန်းကန်း နေသူ။ လက်ကလည်း အလွန်ယဉ်သည်။ ထစ်ခနဲဆိုလျှင် လက်က ပါပြီးသား။ တော်တန်ရုံဆိုလျှင် ဘယ်သူမှသူနှင့်ထိပ်တိုက်ရင်မဆိုင်ရဲ။ ရိုက်မှုဖြင့် အချုပ်ထဲဝင် ရသည်မှာလည်း မကြာခဏ။ ထောင်လည်း ကျဖူးသည်။ ထောင်ကထွက်လာသော်လည်း သည်ရွာလေးသို့သာ ရောက်လာတတ်သည်။

ထိုသို့ပြန်ရောက်လာခြင်းမှာလည်း အကြောင်းမဲ့တော့မဟုတ်။ သူ မြနှင်းကို တိတ်တခိုးချစ်ကြိုက်နေသောကြောင့်ပင်။ မြနှင်းမှာ အသား ဖြူဖြူ။ မျက်နှာသွယ်သွယ်နှင့် ရိုးရိုးလေးလှသူ။ အသက်က (၂၂)နှစ်ကျော် ရုံလေး။ ကိုယ်လုံးကိုယ်ပေါက်က မဆိုးလှ။

ရီရင့်အောင်ဆာဝေ

www.burmeseclassic.com

www.burmeseclassic.com



မြနှင်းတွင် မိဘနှစ်ပါးစလုံးမရှိတော့။ အဒေါ်နှင့်နေရသူဖြစ်သည်။ ချမ်းချမ်းသာသာတော့မဟုတ်။ လက်လုပ်လက်စားပင်။ သူက လွန်ခဲ့သော(၂)နှစ်ခန့်ကပင် သူမကိုကြိုက်၍ တိတ်တခိုးကြိုက်နေခြင်းဖြစ်သည်။

သူလိုဆိုးသွမ်းပေတေနေသော လူတစ်ယောက်ကို မြနှင်းဘက်မှပြန်ကြိုက်လိမ့်မည်ဟုလည်း မထင်ပါ။ သူ့အပေါင်းအသင်း ဆိုးဖော်ဆိုးဖက်တွေက သည်အကြောင်းကိုသိတော့ မြှောက်ထိုးပင့်ကော်လုပ်ကြသည်။

"မင်းနှယ်ကွာ ... မိန်းမတစ်ယောက်ကိုကြိုက်တာများ ဖွင့်ပြောလိုက်ပေါ့"

"ငါ လူသတ်ရဲတယ်ဆိုတာ မင်းတို့သိပါတယ်၊ ဒါပေမဲ့ သူ့ကို ဖွင့်ပြောဖို့ကျတော့ အရမ်းကြောက်နေတာ"

"ငါတို့နဲ့များ ကွာပါ့ကွာ"

နောက်တော့ အခြေအနေ အခွင့်အရေးပေးသည့် အချိန်အခါကို စောင့်၍ အရဲစွန့်ကာ ပြောကြည့်သည်။

ပထမတွင် မြနှင်းမှာ အလွန်တရာတုန်လှုပ်လျက် ထွက်ထွက်ပြေးနေခဲ့သည်။ ကျော်ဘက ရမ်းရမ်းကားကား ကြမ်းကြုတ်အောင်တော့ မလုပ်ပါ။ သူချစ်တာသိလျှင် တော်ပြီဟု ဆိုရုံလောက်ပင်။

ကောင်မလေးကို ချစ်မိပြီဆိုသည်နှင့် သူ၏နေပုံထိုင်ပုံစနစ်ကိုတော့ မပြောင်းလဲပါ။ အရက်သောက်မြဲ၊ ဖဲရိုက်မြဲ၊ ရန်ဖြစ်နေဆဲ။

ကျော်ဘတစ်ခုကိုတော့ ရှောင်သည်။ ယင်းမှာ မိန်းမနှင့်ပတ်သက်လျှင် အရှုပ်အရှင်းမရှိ။ ကင်းကင်းပပနေသူဖြစ်သည်။ ထို့ကြောင့် ရွာသား



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း ဘာမျှမဆိုသာ။

နောက်ပိုင်းတွင် မြနှင်း သူ့ကိုကောင်းကောင်းမွန်မွန်နှင့်လက်ခံစကားပြောပါသည်။ သဘောကျ၍တော့မဟုတ်။ လူဆိုးလူသွမ်းတစ်ဦးမို့ မထင်လျှင်မထင်သလို ပြုမူလာမည့်ဖြစ်ရပ်များကိုကြိုတွေးပြီး အထိုက်အလျောက် လိုက်လျောလာခြင်းဖြစ်သည်။

မိန်းကလေးပီပီ ဒါတွေမစဉ်းစားချင်သေးပါဟုသာ ပရိယာယ်သွယ်သွယ်ဖြင့် အမြဲငြင်းဆန်နေခဲ့သည်။

ကြာတော့လည်း သူ့မှာမအောင့်နိုင် မတွေးနိုင်။

"ဒီစကားအပြင် နောက်ထပ်စကားမရှိတော့ဘူးလား မြနှင်းရာ"

"နောက်ထပ် ဘာမှပြောစရာမရှိတော့လို့ပါ ကိုကျော်ဘ"

"ဒါ ငါ့ကို တမင်သက်သက်လုပ်နေတာ မဟုတ်လား"

"ဒီထက်တော့ မြနှင်း ဘာမှမပြောတတ်တော့လို့ပါ ... ပြန်မယ်"

"ဟော့ ... ဟော့ နေဦး ... နေဦး ... ငါ နင့်ကို သတိပေးစရာတစ်ခုရှိတယ်"

"ဘာလဲ"

"နင် ငါ့ကိုပြောတယ်နော် ... အိမ်ထောင်ရေး အချစ်ရေးနဲ့ပတ်သက်လာရင် မစဉ်းစားသေးဘူးဆိုတာ"

"ကောင်းပြီ ... မစဉ်းစားတာ နင့်အပိုင်း၊ စဉ်းစားတဲ့အခါကျရင်တော့ ငါပဲဖြစ်စေရမယ်၊ ဒီတစ်သက် နင်ဘယ်သူ့ကိုမှ မယူရဘူး၊ ငါ့ကိုပဲယူရမယ်၊ အဲဒါ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းမျက်နှာ ကွက်ခနဲပျက်သွားသည်။

သတိပေးချက်က အလွန်ပြင်းထန်လွန်းလှသည်မဟုတ်လား။ သူနောက်တစ်ဆင့် တက်ပြန်သည်။

"အေး – ငါ့ကွယ်ရာမှာ မင်းတစ်ယောက်ယောက်နဲ့ကြိုက်နေရင် အဲဒီကောင်ကို ငါကိုယ်တိုင်သတ်ပြမယ် ... မယုံရင် လုပ်ကြည့်လိုက်"

ကျော်ဘ ချာခနဲလှည့်ထွက်လာခဲ့သည်။ မြနှင်း ဘယ်လိုဖြစ်ကျန်ခဲ့မည်ကို လှည့်မကြည့်တော့။

သူပြောသည့်အတိုင်း တကယ်လုပ်သည်ဆိုခြင်းကိုတော့ မြနှင်းကောင်းကောင်းသိပါလိမ့်မည်။

ထိုညက ကျော်ဘ အရက်ကိုမူးအောင်သောက်သည်။ မြနှင်းသူ့ကိုဘယ်တော့မှ ပြန်မကြိုက်မှန်း စိတ်ထဲက အလိုလိုသိနေသည်။

စိတ်ရိုင်းတွေဝင်လာပြန်တော့ မဖြစ်ဖြစ်သည့်နည်းနှင့် မြနှင်းအပေါ် အကြမ်းဖက်ကာ နိုးယူပေါင်းသင်းလျှင်ကောင်းမလားဟူ၍လည်း ခဏခဏ အတွေးတွေဝင်လာခဲ့သည်။ သူ့အတွက် မလုပ်ရဲစရာဘာမျှမရှိ။

သို့သော် ကိုအလုပ်မျိုးကို သူမလုပ်ချင်။

ခိုင်မြဲသော အိမ်ထောင်ရေးလည်း ဖြစ်လာမှာမဟုတ်သလို မြနှင်းက သူ့အပေါ်အမုန်းကြီးမုန်းသွားမှာလည်း သေချာနေပါသည်။

မြနှင်း သူ့အပေါ်မုန်းမှာတော့ အသေအချာကြောက်သည်။

မြနှင်းကို မပိုင်ဆိုင်ရသော်လည်း အပျိုကြီးဘဝနှင့် အရိုးဆွေးသွားတာကိုမြင်နေရလျှင်ပင် တော်သေးသည်ဟု ဖြေတွေးတွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်တိုင်လည်း လူပျိုကြီးလုပ်မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။

စိတ်ကြမ်းလူ့ကြမ်းသမားတစ်ဦးက အချစ်နှင့်ပက်သက်လာသည့်အခါ အလွန်ပင် နုနယ်သွားတတ်တာ မဆန်းပါ။

ထိုညက ကျော်ဒေ မူးမူးနှင့်မျက်ရည်ကျသည်။ မဆိုစဘူး အလွမ်းသီချင်းတစ်ပုဒ်ကို ဆွဲဆွဲငင်ငင် ဆိုပစ်လိုက်၏။

ထိုညက လမသာခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ရည်းစားလူလု အူနုကျွဲခတ်

သူသာလှစကားကိုကြားတော့ ရင်ထဲတွင် ဗုံးတစ်လုံးပေါက်ကွဲသလို ခံစားလိုက်ရ၏။ အသားတွေ ဆိုးဆိုးဆတ်ဆတ်တုန်လာသည်။

ပထမ သူမဖြစ်နိုင်ဘူးဟုသာ တွင်တွင်ငြင်းဆန်ခဲ့၏။

"ငါ သူ့ကိုမျက်စိဒေါက်ထောက် ကြည့်နေခဲ့တာပဲ သာလှရ"

"မင်းကြည့်တာ ဘယ်သွားကြည့်မှန်းမှမသိတာ"

"သိပ်တော့ မယုံသေးဘူးကွာ"

"မယုံရင် လက်တွေ့စောင့်ကြည့်ပေါ့ကွ"

ကြားလိုက်ရသော သတင်းမှာ မြနှင်းတွင် ရည်းစားရှိနေပြီဆိုသော သတင်းပင်။ ကောင်လေးက မြနှင်းနှင့်သက်တူရွယ်တူ အောင်ငြိမ်းဟုဆိုပါသည်။ သူမတို့၏ ခေါင်းရင်းတစ်အိမ်ကျော်မှဖြစ်သည်။

"သူတို့ကြိုက်နေကြတာ ဘယ်လောက်ကြာပြီလဲ"

"အဲဒါတော့ ငါလည်းအတိအကျမသိဘူး . . . မင်းရန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လို့ သူတို့လှို့လှို့ဝှက်ဝှက် ကြိုက်နေကြတာလည်း ဖြစ်နိုင်တာပဲ"

သူ အံကိုတင်းတင်းကြိတ်လိုက်သည်။ မြနှင်းအပေါ်လည်း လုံးရက်လေခြင်းဟုဆိုကာ ဒေါသတွေ တဖွားဖွားတလှိုင့်လှိုင့်ဖြစ်လာခဲ့သည်။

"တောက်..."

စုံစမ်းလာသူတစ်ဦးက တစ်ခါတစ်ရံ ညပိုင်းတွင် မြနှင်းတို့အိမ်နောက်ဖေးရှိ ကောက်ရိုးပုံတွင် ချိန်းတွေ့တတ်ကြသည်ဟုဆိုသောအခါ။

"ဒီကောင့်ကို သတ်ရမယ်"

သူ အောင်ငြိမ်းဆိုသော ကောင်လေးကိုမြင်ဖူးပါသည်။ ရိုးရိုးအေးအေးဆေးဆေး နေသူတစ်ယောက်။ မိဘတွေက ချမ်းသာကြသည်ဆိုသော် ဘယ်လိုကောင်စားမျိုးပင်ဖြစ်စေ သူ့အတွက်တော့ပြောထားသည့်အတိုင်းလုပ်ရပေမည်။

ထို့ကြောင့် ညပိုင်းတွင် မြနှင်းတို့ကောက်ရိုးပုံနှင့် မလှမ်းမကမ်းအမှောင်ထဲတွင် သွားရောက်ကာ စောင့်ဆိုင်းကြည့်ရှုတော့၏။

တစ်ည မတွေ့။

နှစ်ည အခြေအနေမထူးခြား။ ကျော်ဘကတော့ ထိုမျှလောက်နှင့်ဖွဲ့မလျှော့ချင်ပါ။ သုံးညမြောက်နေ့တွင်တော့ ထိပ်တိုက်တွေ့လေပြီ။

ရည်းစားလုလု အူနုကျွဲခတ်သည်ထက် နာကျင်ခဲ့ပြီ။ ထို့ကြောင့် ဒေါသတွေက ဝုန်းဒိုင်းကြဲကုန်တော့၏။

နှစ်ယောက်သားဖက်လျှက် စကားထိုင်ပြောနေသော သူတို့နှစ်ယောက်နောက်ကျောဆီသို့ တဖြည်းဖြည်းတိုးကပ်လာခဲ့သည်။

တစ်ခြမ်းပဲ့လရောင်ကြောင့် သူတို့နှစ်ယောက်ကို မှုန်ပျပျမြင်နေ



www.burmeseclassic.com

www.burmeseclassic.com


ရ၏။ သူတို့အနားသို့အရောက် ပါလာသောလက်နှိပ်ဓာတ်မီးကို ခလုတ်ဖွင့်လိုက်သည်။

"ဟင် ... ဟာ"

ထိုးဖြာကျလာသော အလင်းရောင်ကြောင့် နှစ်ယောက်စလုံး အလန့်တကြားနောက်သို့ လှမ်းကြည့်လိုက်ကြသည်။

"နင် — ငါပြောစကားကို ဘာလို့နားမထောင်တာလဲ မြနှင်း"

မြနှင်းက ကျော်ဘဖြစ်ကြောင်းသိသွားသည်။

"ရှင် ... ရှင် ... ကိုကျော်ဘ"

"ငါအတန်တန်ပြောနေတဲ့ကြားက နင်မထိမဲ့မြင်လုပ်လွန်းအားကြီးတယ်"

ကောင်လေးက ရုတ်တရက် မတ်တတ်ထ,ရပ်ကာ ...

"ဒီကိစ္စ ခင်ဗျားဘာမှဝင်ရှုပ်စရာမလိုဘူး ... အခုထွက်သွားပါ"

"ဘာကွ မင်းလို မလောက်လေးမလောက်စားကောင်က များပြောလို့"

"ကျွန်တော်တို့နှစ်ယောက်က ချစ်သူတွေ၊ ခင်ဗျားနဲ့ဘာမှ မဆိုင်ဘူး"

အောင်ငြိမ်းက ထိုသို့ပြောလိုက်ခြင်းကြောင့် သူဒေါသပိုထွက်သွား၏။

"အေး — ဆိုင်တာမဆိုင်တာ ငါနားမလည်ဘူး — ငါနားလည်တာကတော့ ဒါပဲ"

ဝုက်၍ယူလာသော ဓားမြှောင်ဖြင့် သူဝင်ထိုးတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



အင်အားမမျှခြင်း၊ ကိုယ်ခံပညာမကျွမ်းကျင်ခြင်းတို့ကြောင့် အောင်ငြိမ်းမှာလုလှပပခံလိုက်ရလေသည်။

ကျောပြင်သို့တစ်ချက်။

"အား ... "

"အမလေး လာကြပါဦး ... လာကြပါဦး ဒီမှာ ဓားနဲ့ထိုးနေသို့"

မြနှင်း၏ စူးစူးဝါးဝါးအော်လိုက်သည့်အသံက ဟိန်းထွက်သွားသည်။ အားမရသေး။ နောက် ... ဝမ်းဗိုက်ဆီသို့တစ်ချက်။

"အု ... "

"အမလေး သေပါပြီ"

"မြနှင်း ငါဆိုတဲ့ကောင်က ပြောရင်ပြောသလိုလုပ်တယ်ဆိုတာ သိပြီလား"

အောင်ငြိမ်းမှာ ဝမ်းဗိုက်ကိုလက်ဖြင့်ဖိလျက် မြေကြီးပေါ်သို့ ပုံရက်သားဖော လဲကျသွားလေသည်။

ထိုမျှလောက်ဆို ကျိန်းသေ သေနိုင်သည်ဟုတွက်သည်။ သက်နိုပ်ဓာတ်မီးတွေ တဝင်းဝင်းလက်လာ က်မြင်ရချိန်တွင် ကျော်ဘ ထိုနေရာမှ ထွက်ခွာသွားလေပြီ။

သူတစ်နေရာသို့ ရှောင်ပြေးရမည်။

သူ၏အနာဂါတ် ဘယ်လိုရှိလာဦးမည် မတွေးတတ်။

ဖြစ်ချင်ရာဖြစ်စေတော့ဟူ၍ ဆုံးဖြတ်ကာ ရွာမှထွက်လာခဲ့သည်။ ညတွင်းချင်းပင် ရွာနှင့်ငါးမိုင်ခန့်ဝေးသော ငါးခေါင်းအင်းရွာတွင် ပုန်းခိုနေလိုက်၏။ ထိုသတင်းကို အနံ့ခံမိသွားသည့် ကောင်လေး၏ဆွေမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေက ချက်ချင်းပင်အုပ်စုဖွဲ့လျက် ဓားလှံများကိုင်ကာ ငါးခေါင်းအင်းသို့ လှည်းဖြင့် ဒုန်းစိုင်းလိုက်ခဲ့ကြသည်။ ပုန်းခိုနေသည့်နေရာအား ဝိုင်းလိုက်ကြ၏။

ကျော်ဘ အခိုက်မိသွားလေပြီ။ သို့သော် ရှိနေသော 'ဇ'ကြောင့် အပြင်းအထန်ခုခံကာ လွတ်လမ်းကို ရှာဖွေခဲ့၏။ လိုက်လာသူတွေကလည်း ခေသူတွေမဟုတ်။

မြန်မာ့ရိုးရာသိုင်းပညာကို တတ်ကျွမ်းနေသူတွေ။

သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ကြလျက် ပွဲကြမ်းနေကြသော်လည်း အင်းအားချင်းမမျှသောကြောင့် သွေးအိုင်ထဲတွင်လဲကျခဲ့ရ၏။

ကောင်လေးအစ်ကိုက ဒေါသစိတ်ကို မထိန်းနိုင်ဘဲ လှံဖြင့် ဝမ်းဗိုက်ဆီသို့ထိုးချလိုက်ပြီး နောက်ပိုင်းတွင် ကျော်ဘ အသက်ထွက်သွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အောက်လမ်းဆရာနှင့်သရဲတို့၏ အညမည

ညက နက်သထက်နက်လာသည်။

လရောင်ကသိပ်မရှိ။

ကျောက်ဘီလူးခင်မောင်က ကျော်ဘဟု ရည်ရွယ်ထားသော ရုပ်တုကို သူ၏ ရှေ့တွင်ချထားသည်။ နေရာက ကျော်ဘအားမြေမြှုပ်ထားသော မြေပုံပေါ်တွင်။

သူက ဂါထာမန္တာန်တွေကို ရွတ်သည်။ သူ့ဆရာ ရှမ်းဆရာကြီးတစ်ဦးသင်ပေးလိုက်သော အတတ်ပညာများပင်။

အတန်ငယ်ကြာသောအခါ ဖြူဖြူအရိပ်တစ်ခုသည် သူရှိရာဆီသို့ တရွေ့ရွေ့လျှောက်လာသည်။ သူကတော့ တခြားဘာကိုမျှဂရုမစိုက်။ တင်ပျဉ်ခွေထိုင်လျက်ကပင် ရုပ်တုလေးကို စူးစိုက်ကြည့်နေသည်။

ဝိညာဉ်ဖြူဖြူမှာ အနားသို့ရောက်လာပြီးနောက် ရုပ်တုလေးဆီသို့ ဝင်ရောက်သွားသည်။ သိပ်မကြာ ရုပ်တုလေးမှာ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုလေး အသက်ဝင်လာသည့်သဘော။

"ကျော်ဘ . . . မင်းရောက်လာပြီမို့လား"

"ဟုတ်တယ်"

"မင်း ဘယ်သွားနေတာလဲ"

"မြနှင်းတို့အိမ်"

"မင်းမှာလည်း သိပ်အစွဲအလမ်းကြီးတဲ့ကောင်ပါလား"

"ကျုပ်ကိုယ်ကျုပ် အသက်ရှင်တုန်းက အသုံးမကျခဲ့တာတွေ မချိမဆန့် ဖြစ်နေလို့ပါ"

"ဒါကလည်း သူ့ကံတရားနဲ့သူလေ"

"အဲဒီတုန်းက ကျုပ်တစ်ခါတည်း အသေသတ်လိုက်တာဗျ ခုတော့"

ထိုစဉ်က ကျော်ဘမှာ အောင်ငြိမ်းကို အသေသတ်လိုက်ခြင်း ပင်။ သို့သော် အောင်ငြိမ်း ကံကောင်းသွားသည်။ ထိုးလိုက်သော ဓားချက် မှာခန္ဓာကိုယ်အရေးကြီး အစိတ်အပိုင်းများကို ရှောင်ကွင်းသွားသဖြင့် ချက်ချင်းမသေ။

ကားဖြင့်ဆေးရုံကို ပို့ဆောင်ကြသည့်တွင် ဆရာဝန်များ၏ အထူးဂရုစိုက်ကုသမှုကြောင့် ရက်ပိုင်းအတွင်းမှာပင် စိုးရိမ်စရာ အခြေ အနေမှကင်းလွတ်ခဲ့ရ၏။ အောင်ငြိမ်းအစ်ကိုကတော့ ကျော်ဘအား သတ်မှုနှင့်တရားရင်ဆိုင်နေရ၏။ အောင်ငြိမ်း ပြန်လည်ကောင်းမွန် လာသည့်အခါ နှစ်ဖက်မိဘများက မြနှင်းနှင့်အောင်ငြိမ်းကို ပေးစား လိုက်လေသည်။

ငြိမ်းကြီးကျယ်ကျယ် မင်္ဂလာဆောင်ပေးခဲ့၏။ အသည့်အနာကြီး



www.burmeseclassic.com

www.burmeseclassic.com



နာခဲ့ရသူကား ကျော်ဘ။ ထို့ကြောင့် သူတို့နှစ်ယောက်နေထိုင်သော အိမ်သို့သွားကာ ကမ်းကုန်အောင်ခြောက်တော့သည်။ ခြေသံတွေပေးသည်။ ထရံတွေကို တဒိုင်းဒိုင်းပုတ်သည်။ အိမ်ဝတွင် ငုတ်တုတ်ထိုင်ပြသည်။ သွေးစာက်မတတ်ကြောက်ခဲ့သူမှာ မြနှင်း။

မြနှင်း ထိုသို့ဖြစ်ပြန်တော့လည်း စိတ်မကောင်းပါချေ။ သူတို့ဘက်ကလည်း ဘုန်းတော်ကြီး သံဃာတော်ကြီးများကို ပင့်ဖိတ်ကာ ရွတ်ဖတ်ကြသောကြောင့် အနားသို့ကပ်ရန် အခက်ခဲဖြစ်လာသည်။

ထိုအခါ သူ့မှာ ဒေါသတွေ ပိုထွက်ခဲ့ရသည်။

"ကျုပ် တစ်ခါတလေတော့လည်း လူတွေလို တစ်ဝတစ်ပြ စားချင်သောက်ချင်တယ်ဗျာ"

ဝိညာဉ်တိုင်း လူတွေခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ပူးကပ်ဖို့ မဖြစ်နိုင်ပါ။ အောက်လမ်းပညာကို တတ်ကျွမ်းသည့်ဆရာတွေ၏ အကူအညီ ပိုသည်။

"ဒီကိစ္စ ခင်ဗျား ဘယ်လိုကူညီနိုင်မလဲ"

"မင်းအသက်ငင်နေတဲ့ အဘွားကြီးဆီဝင်မလား"

"ဘယ်မှာလဲ"

"အုတ်ဖိုကုန်းမှာ"

ကျော်ဘ တစ်ချက်စဉ်းစားသွားသည်။

"ဘာပဲဖြစ်ဖြစ်ဗျာ ဒီအတိုင်းနေတာထက်စာရင်တော့ အဲဒီလို လုပ်တာ ပိုကောင်းမယ်ထင်တာပဲ"

ကျောက်ဘီလူးပြောသည့်မှာ ဖုတ်ဝင်သည့်သဘောပင်။ မကျန်းမမာဖြစ်နေသည့် သက်ကြီးရွယ်အိုများအတွင်းသို့ သေဆုံးပြီးလူ၏



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ဝင်ရောက်ပူးရသည်မှာ နည်းနည်းတော့ လွယ်ကူသည်။

နောက်ဆုံးထွက်သက်မတိုင်မီ အစွမ်းကုန်ပြုစုကြသောကြောင့် စားချင်တာစားလို့ရသည်။ တချို့ဆို ကြက်တစ်ကောင်လုံးကြော်ပေးသည့်ကိုမဝတတ်။ ညဘက်ထပြီး အိမ်နောက်ဖေးသို့ဝင်ကာ အိုးခွက်များလှန်လှောလျက် စားစရာများရှာဖွေတတ်သည်။ နေ့ကိုအိပ်ကာ ညဘက်တွင် မအိပ်တတ်။

လူတွေက သံသယမျက်လုံးများဖြင့်ကြည့်လျှင် သံနားစဖွယ်ဟန်အမူအရာနှင့်လုပ်ပြရသည်။

ထိုသို့မှမဟုတ်လျှင် ဆရာတစ်ဦးဦးက ဖုတ်ဝင်သည်ဟုထင်မှတ်ကာ ဘုရားရှိခိုးခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ရေမန်းများနှင့်ပက်ဖြန်းခြင်းပြုလျှင် ဝင်ရောက်နေသော ဝိညာဉ်တို့သည် အလွန်အခံရခက်လှပါ၏။ ဆရာစွမ်းလျှင် ထွက်ပြေးသည်အထိဖြစ်ရ၏။

"ကျုပ်ကို အဘွားကြီးကိုယ်ထဲ ဝင်နိုင်အောင်လုပ်ပေးပါဦး"

သူက ကျောက်ဘီလူးကို တောင်းဆိုသည်။

"ကိစ္စမရှိပါဘူး ... ငါကြည့်လုပ်ပေးပါ့မယ်"

"ဒါဆို ... ကျုပ်သွားလို့ရပြီလား"

"အင်းလေ ... သွားပေါ့"

"ခင်ဗျားအတွက် ကျုပ်လက်ဆောင်ယူလာခဲ့တယ်၊ တဲထဲမှာ ရေဦးမှာ အမဲပေါ်ကြတယ် ... ကျုပ်အသားကောင်းတွေပဲရွေးယူလာတာ၊ ခင်ဗျားအတွက် သုံးလေးရက်စာဖူလုံမှာပါ"

ထို့နောက် ရုပ်တုအတွင်းမှ ဝိညာဉ်ထွက်သွားလေသည်။ ကျောက်ဘီလူးခင်မောင်မှာ မြေပုံပေါ်မှ ရုပ်တုကိုကောက်ယူ၍ တဲဆီသို့



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။

တဲဆီသို့ဝင်ကာ ဖရောင်းတိုင်မီးထွန်းလိုက်စဉ် ဝါးကြမ်းပေါ်တွင် သွေးသံရဲရဲဖြင့် အမဲသားတစ်တွဲကို တွေ့ရလေ၏။

ဟုတ်သည်။ အရက်နှင့်သာ မြည်းရလျှင် ဘယ်လောက်များ အရသာရှိမလဲဟုတွေးရင်း မီးဖိုတွင် မီးမွှေးလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## မင်းဒင်နှင့်မြခက်တို့၏ ကိုယ်ရေးရာဇဝင်အကျဉ်း

မြခက်၏ အဘိုးအဘွားများမှာ အုတ်ဖုတ်တွင် အလွန်ချမ်းသာသည့်ကုန်သည်များဖြစ်သည်။ မြခက်ကို မမွေးခင်ကတည်းက မိဘတို့မှာ ဖြူးမြို့သို့ပြောင်းကာ အခြေချနေထိုင်ခဲ့ပြီး မိဘအမွေ ကုန်သည်အလုပ်ကို ပင်လုပ်ကိုင်လာကြသည်။

ဆန်၊ စပါး၊ ပဲအမျိုးမျိုးနှင့်မြန်မာဆေးရွက်ကြီးများကို ကူးသန်းရောင်းဝယ်ရင်း စီးပွားတရိပ်ရိပ်တက်လာခဲ့သည်။ ဖြူးမြို့ပဲခူးလမ်းမကြီးပေါ်တွင် အကြီးမားဆုံးနှင့် အခမ်းနားဆုံးတိုက်မှာ မြခက်တို့တိုက်ပင်ဖြစ်သည်။

မြခက်ကို ထိုတိုက်ကြီးပေါ်မှာပင် မွေးသည်။ ရှားရှားပါးပါး တစ်ဦးတည်းသောသမီးလေးပင်။ မိဘတွေက ဖူးဖူးမှုတ်မတတ်ချစ်ခဲ့ရ၏။ အရာရာလိုလေသေးမရှိ။ အလိုလိုက် အကြိုက်ဆောင်မှုများကြောင့် မြခက်မှာ အရာရာအနိုင်ကျင့်ဗိုလ်ကျတတ်သူ ဖြစ်လာခဲ့၏။

အပျိုအရွယ်သို့ရောက်လာသောအခါ မြခက်မှာ တစ်ခေတ်သာစ်

---



www.burmeseclassic.com

www.burmeseclassic.com



မွေးအလှများဖြင့် အများသဘောကျ ပန်းလေးတစ်ပွင့်ဖြစ်လာခဲ့သည်။ ထိုအချိန်တွင် မင်းဒင်မှာ မြခက်တို့အိမ်သို့ အလုပ်လုပ်ရန်ရောက်နေပြီဖြစ်သည်။

မင်းဒင်မှာ မြခက်ထက်(၂)နှစ်ခန့်ကြီးသည်။ မင်းဒင်မှာ လူကြီးလေးတစ်ယောက်ပမာ အနေအေးသည်။ အလုပ်ကိုကြိုးကြိုးစားစားလုပ်သည်။ အတန်းပညာမှာ မိဘများချို့တဲ့မှုကြောင့် (၈)တန်းအထိသာ သင်ခဲ့ရသည်။

သို့တစေ မင်းဒင်၏ ဉာဏ်ရည် ဉာဏ်သွေးမှာ မနိမ့်ကျလှပါ။ စာရင်းဇယားများကို နိုင်နိုင်နင်းနင်းလုပ်နိုင်သည်။

အကြမ်းအနု ဘယ်အလုပ်မဆို ကြိုးစားလုပ်နိုင်သည်။ ထို့ကြောင့် သူဌေးက အလွန်သဘောကျသည်။ အရာရာကို စိတ်ချရသောကြောင့် ယုံကြည်မှုတွေက တစ်ဆထက်တစ်ဆ ပိုလာသည်။

မြခက်မှာ ရုပ်လေးလှသလောက် နည်းနည်းရှုပ်ချင်သည်။ ရည်းစားကိုတစ်ယောက်ပြီးတစ်ယောက်ထားသည်။ ယောကျ်ားလေးတွေကို အရုပ်လေးတစ်ရုပ်လို ကိုင်တွယ်ကစားတတ်သည်။

''ဟဲ့ ... မင်းဒင် ငါ့ကိုအုတ်ဖြတ်က အဘွားဆီလိုက်ပို့''

သူမထက် အသက်ကြီးသော်လည်း အိမ်သားတွေခေါ်သည့်အတိုင်းလိုက်ခေါ်သည်။ အဖေက ဆူလည်းမရ။

''ငါ့မှာ ဦးလေးခိုင်းတာတွေ ရှိသေးတယ်မြခက်''

''အပိုတွေပြောမနေနဲ့ အဖေ့ကို ငါပြောပြီးပြီ''

တစ်ခုထူးခြားသည်မှာ သူဌေးသမီးနှင့်အလုပ်သမားဖြစ်ပါလျက် သူနှင့်မြခက်တွဲသွား တွဲလာပြုမှုများတွင် သူဌေးက ကွဲထွေထူးထူး



www.burmeseclassic.com

www.burmeseclassic.com



ဘာမျှမပြောခြင်းပင်။

တစ်ခါတစ်ရံ ကျောင်းပိတ်ရက်တို့တွင် မြခက်ကို အုတ်ဖြတ်တို့ လိုက်ပို့ရတတ်သည်။ ထိုသို့တွဲသွားတွဲလာလုပ်ရသည်ကိုလည်း မင်းဒင် တစ်ယောက် မသိမသာကြည်နူးရ၏။ လူတွေက သူတို့နှစ်ယောက်ကို ဘယ်လိုထင်မလဲဆိုသော အတွေးဝင်မိသည့်အခါ ရင်ခုန်မိရပါသေး၏။

တကယ်တော့ မင်းဒင် မြခက်ကို စိတ်ကူးမယဉ်ရဲပါ။ အခြေအနေ ချင်းက အတော်ပင်ကွာခြားလွန်းနေသည် မဟုတ်ပါလား။ ရင်ထဲမှ ချစ်မိပြီဆိုတာတောင် ထိုအချစ်မှာ မိမိရင်ထဲမှာပင် ကြိတ်၍ မြှုပ်သိပ်သိမ်း ထားလိုက်မည့်အချစ်မျိုးဖြစ်သည်။

အုတ်ဖြတ်ရောက်လျှင် မြစ်လမ်းနဘေးလျှောက်သွားကြသည်။ ပြောင်းဖူးတွေချိုးကာ မီးဖုတ်စားကြသည်။ နေကြာပွင့်တွေ ခူးကြသည်။ ဖရဲခင်းတွေ့လျှင် ခိုးစားကြသည်။ သိသွားလျှင်လည်း ဘယ်သူကမှ အပြစ် မဆိုပါ။ သူတို့သီးနှံများသွင်းနေရသည့် သူဌေးသမီးဖြစ်ကြောင်း အားလုံး ကသိနေကြသည် မဟုတ်ပါလား။

ရံဖန်ရံခါ ဟိုဘက်ကမ်းကူးသည်။ မြင်းလှည်းနှင့် မုန်းမြို့လေး ဆီသွားသည်။ ဈေးနေ့နှင့်ဆုံလျှင် ပျော်စရာကောင်းပါသည်။

မင်းဒင်မှာ သူမဆန္ဒရှိသမျှကို လိုက်လျောရသူ။

"နင်ပျော်လား မြခက်"

"ငါ ... ဘယ်တုန်းက စိတ်ညစ်စရာတွေခံဖူးလို့လဲ"

"နင့်ဘဝက အားလုံးပြည့်စုံတာပဲနော်"

"ဟင့်အင်း အဲဒါတွေ ငါမသိဘူး ... ပြည့်စုံတယ် မပြည့်စုံဘူး ဆိုတာ သဘောမပေါက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က မြခက်မှာ (၁၀)တန်းသို့ ရောက်နေပြီဖြစ်သည်။

မုန်းမြို့တွင် အတွန်းအတူတက်နေသော ယောက်ျားလေး တစ်ယောက်နှင့်ဆုံသည်။

"ဟယ် ... ကျော်ကျော်"

အားပါးတရ ရယ်ရယ်မောမောနှင့် ဖက်လဲတကင်းဆက်ဆံ နေပုံမှာ သူ့မျက်လုံးထဲတွင်တော့ နည်းနည်းလေးမှ ကြည့်မရပါ။

လိုအပ်တာထက် များစွာလွန်ကဲနေသည်ဟုထင်သည်။ သူ့ကို အနားတွင် ရှိလေသည်ဟုပင်မထင်တော့။ ထိုအချက်ကိုတော့ သူအလွန် ဘဝင်မကျဖြစ်ရသည်။ အပြန်လမ်းတွင် ...

"နင့်ပုံစံလည်း နင်ပြန်ကြည့်ဦး"

"ဘာဖြစ်နေလို့လဲ"

"စောစောက ဟိုကောင်နဲ့ပြောနေဆိုနေကြတာ သမီးရည်းစား တွေကျနေတာပဲ"

"ငါက ဒီလိုပဲ ပြောတတ်တာပဲဟာ"

"နင်ပြောတာက အရေးမကြီးဘူး ... ဘေးကကြည့်လို့တစ်စက် မှ မကောင်းဘူး"

"အို ... ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ"

"မြခက်ရယ် ... နင့်ဆို လူတိုင်းကသိနေကြတာနော်၊ နင် အနေအထိုင်မတတ်ရင် ... နင့်မိဘတွေပဲ သိက္ခာကျမှာလေ"

"နင် ငါ့ကိုဆရာကြီးလာမလုပ်နေပါနဲ့"

"နင် ငါ့စေတနာကို နားမလည်သေးဘူး"

"ဘာစေတနာလဲ ... သွားစမ်းပါ၊ နေရာတကာ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပြီးတော့၊ တော်ပြီ ... တော်ပြီ ငါ့ကိုဘာမှပြောစရာ မလိုဘူး

ဘယ်ခါဖြစ်ဖြစ်၊ သူ့အရှုံးပေးခဲ့ရသည်ချည်း။ နောက်ပိုင်းတွ
လည်း မြခက် အနှံ့နာကို သူတော်တော်ခံခဲ့ရသည်။ ဆယ်တန်းကို (၂)
ဆက်တိုက်မအောင်တော့ ကျောင်းထွက်လိုက်ရ၏။ ကျောင်းထွက်လို
မသော်လည်း အိမ်တွင် ခြေမငြိမ်လှ။ ဟိုသွားသည်သွား ဝါသနာထုံသည့်
အဖော်ကောင်းလျှင် ဘုရားဖူးတွေဘာတွေ သွားတတ်သည်။

တစ်နေ့ မြခက်တွင် အရှုံက်ရစရာပြဿနာတစ်ခုနှင့် ကြ
သည်။ ယင်းမှာ ကိုယ်ဝန်ရှိနေခြင်းပင်။ မိဘတွေ အလွန်ခေါင်းကြီးသွား
ကာယကံရှင်ကိုစုံစမ်းတော့ မိဘလုပ်စာကို ထိုင်ဖြုန်းနေသည့် အရ
သမား၊ ဘိန်းစား၊ ဘာအလုပ်ကိုမျှ မယ်မယ်ရရမလုပ်သူ။ ခက်သည်
ထိုအချိန်တွင် ထိုကောင်လေးမှာ မူးယစ်ဆေးဝါးမှုဖြင့် ထောင်
ရောက်နေပါသေး၏။

ထို့ကြောင့် မိဘတွေမှာ ခေါင်းစားရပါတော့၏။

ထိုပြဿနာ ဘယ်လိုဖြေရှင်းပါမည်လဲ။ ဘယ်လိုလုပ်ရပါ့မ
နောက်ဆုံးတော့ ထိုဒုက္ခက မင်းဒင်ခေါင်းပေါ်ရောက်လာသည်။ သူ
သမီးအား လက်ထပ်ယူရန်ဖြစ်သည်။

နဂိုကတည်းက မြခက်အပေါ် သံယောဇဉ်ရှိနေသည်
တစ်ကြောင်း၊ သူ့ဌေးလင်မယားမှာ သူ၏ကျေးဇူးရှင်များဖြစ်နေသည်
တစ်ကြောင်း၊ လက်ထပ်ပြီးလျှင် ပိုင်ဆိုင်သမျှထဲမှ စီးပွားတစ်ဝက်
ခွဲဝေပေးမည်ဟုဆိုလာသောကြောင့် မင်းဒင်မှာ မျက်လုံးစုံမှိတ် ခေါင်းညိ
လိုက်လေသည်။ သို့ဖြင့် မင်းဒင်နှင့်မြခက်တို့ လက်ထပ်လိုက်ကြ၏။

အစပိုင်းတွင် အရာရာအားလုံး အဆင်ပြေချောမွေ့ခဲ့ပါသည်



www.burmeseclassic.com

www.burmeseclassic.com



လေးမွေးဖွားသောအခါ ကလေးမှာ သေးသေးကွေးကွေး ပိန်ပိန်လှီလှီ ပြီး ရောဂါပေါင်းစုံဝင်ကာ ရက်ပိုင်းအတွင်းမှာပင် သေဆုံးသွားလေ၏။

ထို့အတူ အကုသိုလ်ဂြိုဟ်ဆိုးကလည်း ဗုံမဆင့်ဆိုင်းမဆင့် ဝင် ခဲ့ပြန်သေး၏။ သူဌေးကတော်မှာ ဗိုက်မကြာမကြာအောင့်တတ်သည့် ဒနာခံစားနေရသောကြောင့် မသက်သာဖြစ်ပြီး ရန်ကုန်တွင် ဆေးစစားဖို့ လာခဲ့သည်။ ထို့ကြောင့် သူဌေးကိုယ်တိုင်လိုက်ပို့သည်။

ရထားဖြင့်သွားကြသည်။ သူတို့စီးသောအခေါက်တွင်မှ သောင်း ကျန်းသူတို့၏ ဗုံးထောင်မှုကြောင့် ရထားတွဲများ တိမ်းမှောက်ကာ င်မယားနှစ်ယောက်စလုံး ပွဲချင်းပြီး ဆုံးသွားကြလေသည်။

ကံကြမ္မာက ဆိုးဝါးချင်တော့ ဆင့်ကာ ဆင့်ကာ ... ။

ထို့ကြောင့် မိဘပိုင်ပစ္စည်းများအားလုံး သူတို့ပိုင်ဆိုင်လိုက်ကြ သည်။ မြခက်မှာ အိမ်ထောင်ရှင်ဘဝရောက်ခဲ့သည့်တိုင် သူမ၏ အကျင့်တို့မှာ ပျောက်မသွားပါ။ အရင်ကလိုပင် မင်းဒင်အပေါ် ကျွဲနိုင်၊ နိုင်,နိုင်နေဆဲ။ ဗိုလ်ကျရမှ ကျေနပ်နေဆဲ။ နိုင်လိုမင်းထက်ပြုရမှ သင်အိပ်ပျော်ဖြစ်နေဆဲ။

မင်းဒင်မှာကြာတော့ သည်းမခံနိုင်။

ထို့ကြောင့် မကြာခဏ စကားများရန်ဖြစ်ရ၏။ မြခက်မှာလည်း ထိဆတ်ထိမခံ ပြန်၍ဝုန်းဒိုင်းကြသည်။

"မင်းကို ငါဆက်မပေါင်းနိုင်ဘူး ... ကွာမယ်"

"စိတ်ချ ... ငါကတော့ နင့်ကိုဘယ်တော့မှ ကွာရှင်းမပေး ဘူး"

နောက်ဆုံးတော့ အလျှော့ပေးလိုက်ရသူမှာ မင်းဒင်ပင်။ သို့



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် နောက်မိန်းမယူစို့လည်း စိတ်ကူးမရှိတော့ပါ။ လက်ရှိ အိမ်ထောင်ရေးကပင် သူ့အတွက် စိတ်ကုန်လှလေပြီ။

မြခက်တစ်ယောက် ပိုရှုံ့ဆိုးလာသည်မှာ သူလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများတွင် ပေါ်ပေါ်တင်တင် ဝင်ရောက်စွက်ဖက်လာခြင်းပင်။

လုပ်ဖော်ကိုင်ဖက်တွေက စည်းမရှိ၊ ကမ်းမရှိ ဝင်ရောက် ပြောဆိုလာသော မြခက်၏တွေးခေါ်မှုများကို သဘောမကျ။ ကိုယ့်နေရာ ကိုယ်မနေသောမိန်းမဖြစ်သူကြောင့် လူကြားထဲတွင် မကြာခဏ အရှက် ရရရာတွေ့ကြုံရသည်။ ဂုဏ်သိက္ခာကျစရာတွေ ကြုံရသည်။ စိတ်ညစ် စိတ်ဆင်းရဲရသည့်ရက်ပေါင်းမနည်းတော့။ နောက်ဆုံး ...

"သည်မိန်းမကို သတ်ပစ်ရမယ်"

ထိုအတွေးက သူ့ခေါင်းထဲသို့ နေ့စဉ်လိုလိုဝင်လာခဲ့သည်။ ထို မှစကာ သူ့ဆေးကျမ်းစာအုပ်များကို တိတ်တဆိတ် ဖတ်ရှုတော့၏။

အချိန်တိုင်းလည်း "သည်မိန်းမ မရှိမှအေးမယ်" ဆိုသော အချက်က ခေါင်းထဲတွင် သံမှိုနှင့်ရိုက်ထားသလို ဖြစ်နေသည်။

နောက်ပိုင်းတွင် မင်းဒင် သူမနှင့်မကြာခဏ ရန်မဖြစ်တော့ အတတ်နိုင်ဆုံး လိုက်လိုက်လျောလျောပေါင်းသည်။ အများအမြင်တွင် အစဉ်အမြဲ အခန့်မသင့်သော လင်မယားနှစ်ယောက်အဖြစ် မမြင်စေ

စိတ်တွင်းမှ ဘယ်လောက်ပင်ဒေါသထွက်ထွက် ထိုအမျက် ရင်ထဲမှာပဲ သိမ်းထားသည်။

သည်လိုနှင့် (၆)လခန့် ကြာသောအခါ မြခက် အ အသောက်လျှော့နည်းလာကာ ခန္ဓာကိုယ်မှာ ပိန်ချုံလာခဲ့သည်။ ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းမရ။

အိပ်မပျော်သည့်ညတွေကလည်း မရေမတွက်နိုင်တော့။

မင်းဒင်မှာ သူ့ဇာတ်လိုက်ကြံစည်ထားသော စိမ်ကိန်းကြီး တဖြည်းဖြည်းအောင်မြင်လာတော့ စိတ်ထဲတွင်ကြိတ်၍ ဝမ်းသာရ၏။

"ဒင်း ... သည်လို တမြေ့မြေ့နဲ့ သေစေရမယ်"

နောက်တစ်နှစ်ခန့်ကြာသောအခါ သူမမှာ ရောဂါတိတိပပ ရှာမရတော့ဘဲ အရိုးပေါ် အရေတင်ဖြစ်ကာ အိပ်ရာပေါ်လဲတော့၏။

"မင်းနှယ်ကွယ် ... ကိုယ့်မိန်းမ ဒီလောက်ဖြစ်နေတာကို လက်ပိုက်ကြည့်နေရသလား"

"ကျွန်တော် ဆရာဝန်တွေနဲ့ စုံအောင်ပြပြီးပါပြီ အဘွား"

"ဆရာဝန်တွေစုံတာတောင် ဒီလိုဖြစ်ရသလား"

"ဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး"

"တော်ပြီ ... တော်ပြီ မင်းကိုစိတ်ချနေလို့ မဖြစ်တော့ဘူး။ ငါ့မြေးကို ရွာပြန်ခေါ်ပြီး မြန်မာဆရာကောင်းကောင်းနဲ့ကုမယ်"

ယင်းနောက် အဘွားက သူ့မြေးကို ရွာပြန်ခေါ်သွားသည်။ သူ့မှာ ဩဇာပေးမယ့်လူမရှိတော့သည့်အတွက် အတော်ပင်လွတ်လပ်ပေ့ါပါးသွား၏။ အပျော်ကြီးပျော်ကာ ထိုညက ဝီစကီကို စိတ်ကြိုက်ထိုင်သောက်နေခဲ့၏။ သူမစားသည့် အစားအစာထဲတွင် အဆိပ်တစ်မျိုးကို တစ်နေ့နည်းနည်းစီ ထည့်ကျွေးလျက် ရေရှည်ကို စောင့်မျှော်နေခဲ့သည်။

ခုတော့ ... သူမျှော်လင့်သလိုတွေ ဖြစ်လာခဲ့လေပြီ။

နောက် ... သူပိုင်ဆိုင်ရမည့်ပစ္စည်းတွေက မနည်းမနော။ သူ့ဘဝတစ်လျှောက် ပျော်ရွှင်ချမ်းမြေ့သာယာရုံသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါချေ။ နောက်ထပ်(၂)လအကြာတွင် မြခက်ဆုံးပါသည်။ အုတ်ဖြုတ်မှာပင် ခမ်းခမ်းနားနားသင်္ဂြိုဟ်လိုက်ကြ၏။ ဘယ်သူကမှ သူ့အပေါ် သံသယမဖြစ်။ နှလုံးရောဂါ၊ သွေးတိုးဟုသာ မှတ်ချက်ချသည်။

မြခက်ဆုံးတော့ သူကအကြီးအကျယ် ပူဆွေးဟန်ဖြင့် ဟန်ဆောင်ပြလိုက်သေးသည်။ အများက သူ့ကိုသနားကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့်ချစ်ရသော ဇနီးကို စွန့်လွှတ်လိုက်ရသည်ဟူ၍ ...

အိမ်တွင်းတွင်ကြိတ်၍ သူတို့နှစ်ဦး မပြေမလည်ဖြစ်ခဲ့မှုများကိုတော့ အများကမသိရှာ။ မည်သို့ပင်ဖြစ်စေ ယခုတော့ သူပျော်သည်။ သို့သော် ...

ကုသိုလ်ကံတရားက မင်းဒင်ထံ တဖန်ပြန်လာလိမ့်ဦးမည်ဆိုတာတော့ ထိုစဉ်တုန်းက ကိုယ်တိုင်မသိခဲ့ရှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## လက်စားချေပြသော ထိုမိန်းမ

သချိုင်းကုန်းထဲတွင် တိတ်ဆိတ်လွန်းလှ၏။ လရောင်က ပျော့ပျော့လေးသမ်းနေသည်။ ခပ်ဝေးဝေးမှ ဆွဲဆွဲငင်ငင်အူနေသော ခွေးတချို့၏ အသံတွေကိုကြားနေရ၏။

"မမြခက် အသက်(၂၄)နှစ်" ဟူသော အုတ်ဂူပေါ်တွင် ကျောက်ဘီလူးခင်မောင် ကျုံ့ကျုံ့နနထိုင်နေသည်။ အသက်ဝင်နေသော ရုပ်တုလေး၏ ပြောပြချက်များကို သူကနားထောင်နေသည်။ လေးလေးနက်နက်ပုံစံမျိုး။

"သူယုတ်မာတာတွေ တစ်နေ့ သူပဲပြန်ခံရမှာပေါ့ ဆရာရဲ့"

ကျောက်ဘီလူး၏မျက်နှာပြင်တွင် အရက်ခိုးတွေနှင့်ဝေနေသည်။ ခွေးများဖြင့် အဆီပြန်နေသောကြောင့် ဆေးလိပ်ဖွာရှိုက်စဉ် မီးရောင်ဖြင့်ကြည့်လျှင် ဘီလူးတစ်ကောင်နှင့် ပို၍တူနေပါသေး၏။

"အူးဝူးဝူး ... ဝူး ... အူးဝူးဝူး"



www.burmeseclassic.com

www.burmeseclassic.com



"အူးဝူးဝူး ... အူးဝူးဝူး ... "

ခွေးအူသံတွေက အဆက်မပြတ်။ ကျောချမ်းစရာပင်ကောင်းလှပါသေး၏။ မြခက်သေဆုံးကာ ဝိညာဉ်ဘဝရောက်မှ ယောက်ျားဖြစ်သူ မင်းဒင်၏ အစီအမံများကို သိရှိသွားလေသည်။ ထိုအခါမှ နာကြည်းကြေကွဲရသည်။ မုန်းတီးဒေါသထွက်ရသည်။ လက်စားပြန်ချေလိုသည့် စိတ်တွေ တဖွားဖွား ဖြစ်ရသည်။ သို့သော် သူမကိုယ်တိုင်မစွမ်းသာ။

ထို့ကြောင့် အောက်လမ်းဆရာ ကျောက်ဘီလူးကို အားကိုးရတော့သည်။ ဝိညာဉ်က သက်ရှိလူသားတစ်ဦးကို သတ်ဖို့ဆိုသည်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ ကိုယ်ထင်ပြရုံ၊ ခြေပုတ်ခေါင်းပုတ်လုပ်ရုံ၊ အချက်ပြရုံလောက်က ကိစ္စမရှိ။ ယခုတော့ လူကိုသေအောင် လုပ်ရမည့်လုပ်ရပ်။

ကျောက်ဘီလူး ခေါင်းစားရသည်။

"တစ်ယောက်ယောက်ရဲ့ ခန္ဓာကိုယ်ထဲဝင်ပူးပြီး သတ်ရင်ကော"

"မဆိုင်တဲ့လူကို ဒုက္ခပေးသလိုဖြစ်မှာပေါ့၊ သူ့မှာလူသတ်မှုဖြစ်တော့မှာလေ"

"ဒါဆို အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်ကောင်"

"အဆိပ်ပြင်းတဲ့ သတ္တဝါတွေကို ဝင်ပူးရတာ အခက်ခဲဆုံးပဲ"

"ဒါဆို ဘယ်လိုလုပ်ရမှာလဲ ဆရာ"

ထိုစဉ်က ကျောက်ဘီလူး အတန်ကြာစဉ်းစားခဲ့ရသည်။ သော်တော်နှင့် ဆုံးဖြတ်ချက်မရခဲ့။ နောက်မှခေါင်းထဲ ဖျတ်ခနဲပေါ်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ခွေးရူးတစ်ကောင်ကောင်ထဲ ဝင်ပူးမယ်ဆိုရင်တော့ ဖြစ်နိုင်တယ်"

မြခက် ပျော်သွားသည်။

ထို့နောက် ကျောက်ဘီလူး စီစဉ်ပေးသည့်အတိုင်း ခွေးရူးတစ်ကောင်၏ကိုယ်ထဲသို့ဝင်ကာ အခြေအနေကိုစောင့်ကြည့်လျက်ရှိသည်။

မင်းဒင်အလုပ်ကိစ္စဖြင့် အပြင်သို့ထွက်လာခိုက် အားကုန်ခဲ၍ ကိုက်တော့သည်။

ခွေးရော လူရော နှစ်ယောက်စလုံး လုံးထွေးသွားသည်။

စိတ်ရှိလက်ရှိ အားရကျေနပ်ပြီဆိုတော့မှ ပြေးထွက်လာခဲ့၏။ နောက်ကလူတွေကလည်း တုတ်တွေ ခဲတွေနှင့်လိုက်လာခဲ့ကြသည်။ ခွေးကိုမမိခင်မှာပင် သူမ ဝိညာဉ်ကိုခွာလာခဲ့၏။ သိပ်မကြာ ခွေးလည်း လူများဝိုင်းရိုက်၍ သေလေသည်။

"နင်လည်း အနေးနဲ့အမြန်သေစေရမယ် မင်းဒင်"

သူမ ဘီလူးကို အလွန်ပင်ကျေးဇူးတင်နေမိ၏။

မင်းဒင် ဝေဒနာ အပြင်းအထန်ခံစားနေရချိန်တွင် မြခက်သရဲဘဝမှထွက်ခွာသွားလေပြီ။ ဘယ်ဘုံသို့ရောက်လေသည်မသိ။ ငရဲဘုံလား၊ ကောင်းရာသုဂတိဘုံလား။ သူမပြုခဲ့ဖူးသော ကံနှင့်သာ ဆိုင်ပါသည်။ ဘဝဘဝက ဘာတွေပြုခဲ့သူပါလဲ။ ကောင်းမှုတွေ ဘယ်လောက်များများပြုခဲ့ပါသလဲ။ အ,ကုသိုလ်တွေ ဘယ်လောက်များများပြုခဲ့ပါသလဲ။ မည်သူမျှ မပြောတတ်ပါ။

မင်းဒင်မှာ အုတ်ဖြတ်ရှိ ပရောဂဆရာတွင် ဆေးလာကုရင်း ဆုံးသွားသည်။ အုတ်ဖြတ်သင်္ချိုင်းတွင်ပင် မြေမြှုပ်သည်။

---

ရဲရင့်အောင်စာစ

www.burmeseclassic.com



မြခက်အကြောင်းကိုတော့ ကျောက်ဘီလူးတစ်လုံးတစ်ပါဒမှ မပြောခဲ့ပါ။

သူက သရဲဘာဝဖြင့် လှည့်လည်ကျက်စားနေသည်။ စစ်တောင်းမြစ်ကမ်းပါးစပ်ရှိ ထိန်ပင်ကြီးတွင်နေသည်။ တစ်ခါတစ်ရံ ကျောက်ဘီလူးအလိုရှိသည့်အခါ ရောက်လာတတ်သည်။ အလိုရှိသည်ဆိုခြင်းမှာ အခြားမဟုတ်။ အရက်မူးလာ၍ စကားပြောဖော်မရှိသည့်အခါ ခေါ်ယူတတ်ခြင်းမျိုးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## နတ်ဝင်သည်တို့၏ဘဝ

သူမနာမည်က မမယ်တင့်။ အသက်က (၃၅)နှစ်ကျော်ပြီ။ နတ်ပွဲအဖွဲ့ကလူတွေကတော့ သူ့ကိုတင့်တင့်လို့ပဲ ခေါ်ကြသည်။ အဖွဲ့ထဲတွင် သူတစ်ယောက်သာ မိန်းမစစ်စစ်။ ကျန်တာတွေက မိန်းမလျာတွေ။ နတ်အုပ်က သူမတို့၏ဆရာ မာမီသိန်း။ နာမည်ရင်းက ဦးတင်သိန်း။ သူမက လက်ထောက်နတ်အုပ်ဟုဆို၍ရမည်။ ကျန်တာတွေက တပည့်တွေ။

“ပွဲဦးအစ၊ မဏိစည်သူ၊ နောင်ဘုရား အကြို့တော်ထောက်မှာမို့ ရှာစားရေ ... ပုစွန်လက်မ ကတ္တရရွှေစည်”

“ရွှေခန်းမင်းကြီး ကြွလာပါပြီဘုရား၊ ရွှေခန်းမင်းကြီးပါဘုရား”

“ပခန်းဘဘကျော်ကြီးပါဘုရား၊ ပခန်းဘဘကျော်ကြီးပါဘုရား”

“သိင်္ဂါရွှေရောင် ထိန်ဝါဝေပြောင် ... နန်းဆောင်ဆောင်ခန့်မန်းဘုံတွေ ဝင်းဝေလျှံ စံတည်ကာ ဖဲယယ်လို့ သံငွေပြန် ... ”

ရဲရင့်အောင်စာဝေ

www.burmeseclassic.com

www.burmeseclassic.com


"ဟော့ _ ဟော့ ဟော့ စိမ်းရောင်စို တောင်ညှိုမြမှိုင်း သီဟာ စွေလို့ ရေပတ်လည်ပိုင်း ဟော့ ဟော့ ဖေကြီးရေ _ ဖေကြီးရေ"

မမယ်တင့်က အဆိုကောင်း အသံကောင်း။

သူမ နတ်လောကသို့ ၁၇,၁၈ သမီးလောက်ထဲကရောက်ခဲ့သည်။ ထိုစဉ်က အမေယဉ်တို့အဖွဲ့တွင်။ ပြီးခဲ့သည့်နှစ်နှစ်လောက်မှ အမေသိန်းတို့အဖွဲ့ထံ ရောက်လာခြင်းဖြစ်သည်။

သူမတို့အများဆုံး လှည့်လည်ကကြရသည်မှာ တောပွဲတွေပဲဖြစ်သည်။ လယ်ပေါ်ချိန်၊ ကိုင်းပေါ်ချိန်၊ အင်းပိတ်ချိန်တို့တွင် ပွဲချီတွေအလွန်များသည်။ တစ်ရွာဆိုလျှင် အနည်းဆုံး ၁၀ ချီလောက်တော့ကရသည်။ တောပွဲတွေကတော့ တစ်အိမ်လျှင် တစ်ရက်နှင့်တစ်ညပင်။ မြို့များလို သုံးရက်ကနားမဟုတ်။

အင်းပိတ်ချိန်ဆိုလျှင် နတ်ကမည့်အိမ်တွေက မိမိတို့အိမ်ရှေ့များတွင် ကနားတဲတွေကိုယ်စီထိုးထားကြသည်။ နတ်ကတော်ခေါ်ကာ တစ်အိမ်ကစပြီး တစ်ရက်တစ်ညက၊ နောက်ဆက်တိုက် ပြောင်းသွားရုံပင်။

သည်ရွာကအိမ်ကုန်တော့ နောက်ရွာကို လှည်းတွေနှင့်ပြောင်း။ အင်းပိတ် ကိုင်းသိမ်းချိန် တစ်ခွေကလျှင် တစ်နှစ်စာတော့ ဖူလုံသည်။ အသီးအနှံတွေရသလို ငါးခြောက်တွေလည်းရသည်။

ငါးခြောက်က ကွျဲဆွဲသည့်စုံတွဲတွေက ရခြင်းဖြစ်သည်။ ကနားတဲအလယ်ခေါင်တွင် ခေါင်းမှဖောက်၍ ကွျဲစင်လုပ်ထားတတ်ကြသည်။ ထိုကွျဲစင်တွင် ငါးခြောက်ပြားတွေစီ၍ ချိတ်ထားကြသည်။ နယ်မြေပိုင်ရာဆိုင်ရာ နံကရိုင်းမယ်တော်ကြီးနှင့် သားတော် ဒဿကုမ္မာမင်းသား တို့ကို


www.burmeseclassic.com

www.burmeseclassic.com



ထုံးဖော်ထားခြင်းဖြစ်သည်။

ကျွဲဆွဲသည်ဆိုခြင်းမှာ သက်ဆိုင်ရာ ယောက်ျားလေးနှင့် မိန်းကလေးအိမ်ထောင်ပြုပြီးသည့်အခါ နံကရိုင်းမယ်တော်ကြီးနှင့် သားတော်ဒေသကုမ္ဘာတို့ကို ဆွေတော်မျိုးတော်စာရင်းသွင်းရန် အပ်နှံခြင်းကို ကျွဲဆွဲသည်ဟုခေါ်သည်။

နံကရိုင်းမယ်တော်မှာ ကျွဲမကြီးဖြစ်သောကြောင့် ထိုသို့ခေါ်ခြင်းဖြစ်သည်။ အိမ်များတွင် မိန်းကလေးရှိသည့်အိမ်မှ အိမ်ထောင်ပြုလျှင် ကျွဲဆွဲရသည်။ ယောက်ျားလေးရှိသည့်အိမ်ကတော့ ကျွဲမဆွဲရ၊ ပျော်ပွဲပေးခံ့ပင်။ ကျွဲဆွဲသည့်ငါးခြောက်တွေကိုတော့ ပွဲပြီးလျှင် နတ်ကတော်တွေကပိုင်ပါသည်။

နောက်ထပ် ခန်းဝင်ပစ္စည်း မြေအိုး၊ မြေခွက်တွေပါရသေးသည်။ နတ်ကတော်က ကျွဲဆွဲမည့်စုံတွဲကို လက်ထပ်ပေးရသေးသည်။ ကျွဲဆွဲမည့်စုံတွဲကလည်း တစ်တွဲမက။ တစ်နှစ်လုံး မင်္ဂလာဆောင်ထားသမျှအတွဲတွေအားလုံး ယခုလိုအချိန်အခါမျိုးမှ ကျွဲဆွဲကြခြင်းဖြစ်သည်။ တတ်နိုင်သလောက် ငွေကြေးတချို့ကိုလည်း ထည့်ကြရသည်။

နတ်ကတော်တင်မက ကျွဲဆွဲသည့်စုံတွဲတွေကလည်း ဝင်ပူးကြတာရှိသည်။ တချို့ နတ်ယဉ်နေသည့် ရွာတွေရှိသည်။ အဘိုးကြီး၊ အဘွားကြီး၊ အပျို၊ အအို၊ လူပျိုလူအို ကလေးတွေကအစ နတ်ပွဲဆိုလျှင် ဝင်ကချင်ကြသည့်ဓလေ့ရှိသည်။ နတ်ပေါင်းစုံဝင်ကကြသည်။ သူ့ရွာနှင့်သူ့ဇာတ်မို့ နတ်ကတော်တွေက မပီတပ်ပင်ရဲ၊ ကြည်ကြည်ဖြူဖြူ ခွင့်ပြုရတာမျိုးတွေ ရှိသည်။

ထိုအရပ်တွင် ထုံးစံတစ်ခုရှိပြန်သေး၏။ ယင်းမှာ လူသေလျှင်



www.burmeseclassic.com

www.burmeseclassic.com



သေသည့်လူ၏ပုဆိုးတွေ၊ ထဘီတွေ သိမ်းထားကြသည်။ နတ်ပွဲရောက်လျှင် ဆိုလျှင် ထိုပုဆိုး၊ ထဘီများကို အခေါက်လိုက် အထပ်လိုက် ကနားသို့ ယူလာကြသည်။

နတ်ကတော်တွေက တွေ့ရာ တစ်ထည်ထည်ကိုဆွဲဝတ်ပြီး နတ်ဝင်ရသည်။ သူတို့ဆွေမျိုးတွေကမေးလျှင် ဘယ်သူဘယ်ဝါတွေဖြစ်ကြောင်း မှန်အောင်ပြောနိုင်ရသည်။

BURMESE CLASSIC

တင့်တင့်တို့ဆိုလျှင် ထိုနေရာမျိုးတွင် လျှင်သည့် ပါးသည့် ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသည့်အတိုင်း ရွာတစ်ရွာသို့ရောက်သည် နှင့် မည်သည့်အိမ်တွင် မည်သူသေဆုံးဖူးသလဲ။ နာမည် ဘယ်လိုခေါ် သလဲ။ ဘယ်လို အင်္ကျီလုံချည် အဆင်မျိုးကို ကြိုက်သလဲ စုံစမ်း ထောက်လှမ်းထားရသည်။

ဒါလည်း မာမီသိန်း သင်ပေးထားသော အချက်တွေပင်။ တချို့ အစိမ်းသက်သက် နတ်ကစ မိန်းမလျာလေးတွေဆိုလျှင် အရှက်ကွဲဖူးတာ ရှိသည်။ သည်နယ်အကြောင်းကို နားမလည်၍သာဖြစ်၏။

နတ်ပွဲတွင် ထဘီထုပ်ကြီးကိုပစ်ချပေးသည့်အခါ ဘာမသိ ညာ မသိဆွဲဝတ်ပြီး နတ်ဝင်သည်။ ကနားရှင်က ဘယ်သူ့ထဘီလဲလို့မေးတော့ မပြောတတ်တော့ဘူး။ ရမ်းပြောတော့ ရယ်စရာတွေဖြစ်ကုန်သည်။

တင့်တင့်ကိုယ်တိုင်လည်း ငရဲအိုးနှုတ်ခမ်းပတ်ပြေးနေရသည်ဟု နားလည်သည်။ ဘာကြောင့်ဟူမူ သူတို့ကိုယ်တိုင် အမိန့်ချခဲ့ရသည့် ကြက်တွေ ငါးတွေ အကောင်အရေအတွက်က နည်းမှမနည်း။

နောက် ... ပြောချင်ရာတွေလျှောက်ပြော။ ညကျတော့မှ ပုတီး ကြီးတချောက်ချောက်နှင့် လုပ်နေရသည်လေ။

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ခုအချိန်မှာတော့ သူမအတွက် ကျေကောင်းနေတုန်း။ ၌ကောင်းနေတုန်း။ နတ်ကတော်ဘဝကို ပျော်မွေ့နေတုန်း။ ဝါသနာ ကွက မကုန်နိုင် မခန်းနိုင်သေး။ ထို့ကြောင့်လည်း သူမသည် နတ်က တော်ဘဝကို ဆက်လက်ရှင်သန်နေပါဦးမည်။

"မေမြို့ သို့မဟုတ် ပြင်ဦးလွင် ... မြူခိုးလေးများအုံ့ဆိုင်းပါလို့ ... ပန်းကမ္ဘာမျှော်စင်"

ဟော ... သူမ နတ်ဝင်ပြန်ပြီ။

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## အကြွေးပေးသူနှင့်အကြွေးဆပ်သူ

တင့်တင့် မာမီသိန်းဆီရောက်တော့ ကောင်လေးအသက်က
အစိတ်ဝန်းကျင်လောက်ပင်ရှိဦးမည်။ ကောင်လေးနာမည်အရင်းက
မောင်သိန်းဇော်။ မာမီသိန်းက ထိုသို့ခေါ်သဖြင့် လိုက်ခေါ်ခြင်းဖြစ်သည်။

မာမီသိန်းက ကောင်လေးကို (၁၀)နှစ်သားလောက်တည်းက
မွေးစားထားခဲ့ခြင်းဖြစ်သည်။ ကောင်လေးမိဘတွေက ဆင်းရဲရှာသည်။
မာမီသိန်းက ငွေကြေးအမြဲထောက်ပံ့ပေးသည်။ သူသွားရာနောက်သို့
တကောက်ကောက်ခေါ်သွားတတ်သည်။ တောင်ပြုန်း၊ ပုပ္ပားတို့ဆို
သည်မှာမရောက်ချင်အဆုံး။

လူပျိုပေါက်အရွယ်ရောက်တော့ ကောင်လေးမှာတစ်သွေး
တစ်မွေးဖြစ်လာခဲ့သည်။ ရုပ်ရည်လေးကလည်း ဖြူဖြူချောချောလေး။

မာမီသိန်းက ကောင်လေးကို လိုလေသေးမရှိဆင်သည်။ အဝတ်
အစားဆို ပူဆာသမျှ ဝယ်ပေးသည်။ ရွှေဆွဲကြိုးတစ်ကုံးဆင်သည်။ လက်
ပတ်နာရီတစ်လုံးဝယ်ပေးထားသည်။ ငွေတစ်ခွင်ပွဲကာရာ လဲညီတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လုံးခေါ်သည်။ လိုအပ်သမျှခိုင်းသည်။ လူယုံလက်ပါးတစ်ယောက်အဖြစ် ထားသည်။ ဗင်ပင်ပန်းပန်းတော့ ဘာကိုမျှမခိုင်းပါ။

နောက် ... သူကောင်လေးကို ယူလိုက်သည်။ မယူခင်ကတည်းက တစ်ခြင်ထောင်ထဲအတူတူ အိပ်နေခြင်းပင်။

ကောင်လေးအနေနှင့်တော့ သူ့အပေါ် သံယောဇဉ်ရှိနေခြင်းက လွဲလျှင် ဘာခံစားချက်မှ ရှိပုံမပေါ်ပါ။ ဒါလည်း သဘာဝတရားပင်။ ကောင်းကောင်းစားရ၊ ကောင်းကောင်းနေရ၊ ကောင်းကောင်းဝတ်ရခြင်းတွေအပေါ် သာယာနေတာလည်းဖြစ်မည်။

နတ်ပွဲကရာနောက် တကောက်ကောက်လိုက်ခဲ့ရာတွင် ရွာသူတွေ တိတ်တခိုးကြိုက်တာရှိသည်။ ထိုအခါမျိုးတွင် မာမီသိန်း အလွန်လျှင်သည်။ ကောင်လေး ဘယ်လိုမှ မလှုပ်နိုင်အောင် ချုပ်ကိုင်ထားတတ်သည်။ တရားဝင်ရှိကြောင်း မထုတ်ပြတိုင်တက်ပြတော့သည်။ ရွာသူတွေအတွက် ရယ်ပွဲဖွဲ့စရာဖြစ်ခဲ့သလို သူ့အတွက် အရှက်ရဖွယ်ရာမျိုးတွေ ကြုံခဲ့ဖူးသည်။ အရွယ်လေးရလာတော့ နတ်ကရသည့်အလုပ်တွေကို ငြီးငွေ့လာသည်။ မာမီသိန်းကလည်း ဘာလုပ်လုပ်ခွင့်လွှတ်နိုင်သော်လည်း ကောင်လေးရည်းစားထားမှာကိုတော့ သေမလောက်ကြောက်သည်။

ထို့ကြောင့် အကွက်စေ့ထောင့်စေ့ ကြည့်နေတတ်သည်။ မာမီသိန်းနှင့် အဆင်မပြေဖြစ်တိုင်း ရင်ဖွင့်ရသူမှာ တစ်ယောက်ပဲရှိသည်။ ယင်းမှာ မမယ်တင့်ကိုပင်။ သူက မမတင့်ဟုခေါ်သည်။

"မာမီက အရမ်းချုပ်ချယ်လွန်းတာပဲ မမတင့်ရာ"

"နင့်ကို အရမ်းချစ်တာကိုးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါ ... သူချစ်တာ ဘယ်လိုကြီးမှန်းမသိဘူး"

"အေးလေ ... ဒါတော့ သဘာဝမှမဟုတ်တာ"

နောက်ပိုင်းတွင် မာမီသိန်းနှင့် တကျက်ကျက်ဖြစ်လာသည်။ ကြီးသူနှင့်ငယ်သူတို့၏ အယူအဆတွေက ဘယ်တူနိုင်ပါ့မလဲ။ အသက်အရွယ်ချင်းကလည်း အလွန်ကို ကွာခြားနေသည်လေ။ မည်သူက အကြွေးပေး၍ မည်သူကအကြွေးဆပ်သူမှန်းတော့မသိ။ တစ်ခါက နတ်ပွဲနားစဉ် မိုးတွင်းပိုင်း ရွာထဲမှကောင်မလေးတစ်ယောက်နှင့် သိုးသိုးသန့်သန့် သတင်းကြားသောအခါ မာမီမှာ ရင်ဘတ်စည်တီး ဒေါသမီးကြီးတောက်လောင်လျှက် ကောင်မလေးအိမ်သို့သွား၍ ကတ်ကတ်လန်အောင်ရန်တွေ့ပါတော့၏။

အမှန်မှာ ဘာမှမဖြစ်သေး။ အစပျိုးရန် ကြံနေတုန်းသာဖြစ်သည်။ အကြောင်းစုံသိတော့ ကောင်လေးကို တုထောင်းရိုက်နှက်ကာဆဲဆို၏။ ယခင်က ကလေးမို့ငြိမ်ကုတ်ခံနေသော်လည်း ယခုတော့ ကျားကျားယားယား ယောက်ျားတစ်ယောက်ဖြစ်လာခဲ့ပြီ။ မာမီသိန်း၏ ခန္ဓာကိုယ်ကြီးကို စိတ်တိုတိုဖြင့် မွေ့ရမ်းလိုက်သောကြောင့် ဖြုန်သွားသည်။ အကြပ်ကိုင်၍ မရမှန်းသိသွားသောအခါ ချုံးပွဲချငိုပါ၏။ နတ်ကတော်ပီပီ မာယာများဖြင့် တတ်မတတ်ချက်မတတ်တွေ လုပ်ပြလည်း ကောင်လေးကဂရုမစိုက်ပါ။ ကောင်လေးက မမတင့်ကို မကျေနပ်ချက်များပြောပြသည့်အခါတိုင်း နှစ်ဦးနှစ်ဖက်အဆင်ပြေအောင် အမြဲဖျောင်းဖျနေရတော့၏။

တစ်နေ့ ...

ကောင်လေးမှာ မမတင့်ကို ခိုးပြေးသွားကြောင်းသိရသောအခါ မာမီသိန်းမေ့လဲမတတ်ဖြစ်သွားရ၏။ ကြောင်စီစီဖြစ်သွားသည်။ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ယမ်းပုံမီးကျတော့၏။

"သစ္စာဖောက်မ၊ အယုတ်တမာမ၊ ကာလားနာမ"

ရှိသမျှသော ဆဲရေးတိုင်းထွာမှုတွေ စုံသွားသည်။ ကမ္ဘာပျက်သလိုလည်း ခံစားလိုက်ရ၏။ တစ်သက်လုံး မြတ်မြတ်နိုးနိုးတွယ်တာခဲ့ရသူတစ်ဦးကို လုယူသွားသောကြောင့် ရင်ထဲတွင်လည်း ဝုန်းဒိုင်းကြဲသွားသည်။

သည်လို အပူမျိုး သူ့တစ်သက်တွင် တစ်ကြိမ်တစ်ခါမျှ မကြုံဘူးခဲ့။ စည်းစိမ်တွေ ပျက်ချင်ပျက်ပါစေ ဒင်းတို့ကိုမြေလှန်ရှာမည်။ မရ,ရအောင်ခွဲရမည်။ သို့မဟုတ် လိုအပ်ပါက နှစ်ယောက်စလုံးကို သတ်ပစ်ရမည်။

အရှုံးမီးဝိုင်းဖြစ်နေသော မာမီသိန်းမှာ စိတ်ကယောင်ချောက်ချားဖြစ်လျှက် အပူတပြင်း စုံစမ်းတော့သည်။ တပည့် မိန်းမလျာလေးများကိုလူခွဲလွှတ်လျှက် ငွေပေးရှာခိုင်းသည်။

သို့သော် ဘယ်လိုမှ သတင်းအစအနမရ။ ဧရာဝတီတစ်တိုင်းလုံး ပြုံမြစင်သွားသည်။ ထိုသို့မရလေ ပို၍ခံပြင်းလေပင်။

(၆)လလောက်ကြာသည်ထိ ဘာသဲလွန်စမှ မရခဲ့။

မာမီသိန်းမှာ နတ်ပွဲမကနိုင်ရုံ မဟုတ်တော့ဘဲ မအိပ်နိုင်၊ မစားနိုင်နှင့် တဖြည်းဖြည်းချုတ်ခြုံကျလာသည်။ လင်ကိုသတိရလွန်း၍ ငိုရသည့်ရက်ပေါင်းကလည်း မနည်းတော့၊ မမယ်တင့်ကိုတွေ့လျှင် စေ့စေ့ကြေအောင်လုပ်လိုက်မည်ဆိုတာကတစ်ဖက်။ အရွယ်ကြီးသော်လည်း တရားမရနိုင်ရှာ။

တစ်ရက် မြေလတ်ပိုင်း၊ ဖြူးမြို့တွင်တွေ့ခဲ့ရသည်ဟု အသိတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကဆိုလာသည်။ ဟုတ်တာမဟုတ်တာအပထား၊ မာမီသိန်းတို့က တော့ လိုက်ပြီးသားပင်။ ဖြူးသို့ ချက်ချင်းလိုက်သည်။

ဟိုရောက်တော့ ရှာသည်။ တစ်ပတ်လောက်ကြာသည့်တိုင် ရှာမတွေ့။ နောက်မှ ဖြူးအရှေ့ရှိ အုတ်ဖြတ်ရွာလေးတွင် လုပ်ကိုင်စားနေကြသည်ဟုသိတော့ အုတ်ဖြတ်သို့ ဆက်လိုက်သည်။

ထိုရွာရောက်တော့ ချက်ချင်းပင် သတင်းရပါတော့၏။ တွေ့ကြပြီ။ မာမီသိန်းက အိမ်ပေါ်သို့ ဝုန်းခနဲပြေးတက်သွားသည်။

သူ့ကိုမြင်တော့ ဆန်ပျာနေသည့် မမယ်တင့်မှာ ကြက်သေသေလျက်။ ကောင်လေးအလုပ်သွားနေသည်ဟု မာမီသိန်းသိခဲ့ပြီးသား။ အရေးအကြီးဆုံးဦးတည်ထားသည်မှာ မမယ်တင့်ပင်။

"ဟင် ... သစ္စာဖောက်မ၊ နင်ခုတော့ ဘယ်ဆက်ပြေးဦးမလဲ"

"မာမီ ... သမီးရှင်းပြပါရစေဦး မာမီရယ်"

"ဘာမှရှင်းပြနေစရာမလိုဘူး ... လက်ပူးလက်ကျပ်မိနေတာတောင် ဘာငြင်းချင်သေးလဲ ... ညည်း ငါ့အကြောင်းသိတယ်နော်၊ ဘာကိုဖြစ်ဖြစ် ခွင့်လွှတ်လို့ရပေမယ့် ဒီတစ်ခုကိုတော့ ဘယ်တောမှခွင့်မလွှတ်နိုင်ဘူး"

မာမီသိန်း၏မျက်နှာပြင်မှာ သရဲတစ္ဆေတစ်ကောင်နှင့် တူနေပါသေးတော့၏။

စုပြုံခဲ့ရသော ဒေါသတွေက ဘယ်လိုမှ ဟန့်မတားနိုင်အောင် ပေါက်ကွဲသွားလေပြီ။ မမယ်တင့် ဆံပင်ကိုဆွဲကာ ထုရိုက်သည်။

"အမလေး ... ကယ်ကြပါဦး"

အသံထွက်လာသည့်အခါ လည်ပင်းကိုညှစ်သည်။ အင်အားချင်း



www.burmeseclassic.com

www.burmeseclassic.com



က မမျှမတာန်။ အတာန်ကြာလုံးထွေးနေကြသေးသည်။ လည်ပင်းကိုညှစ်ထားသည့် လက်များကိုမလွှတ်။ ကြာတော့ အသက်ရှူမရတော့။

နောက်ဆုံး အသားကုန်ညှစ်လိုက်သည့်အခါ မမယ်တင့်၏လက်တွေ ပြေလျော့သွားသည်။ ဘာခုခံမှုမျှ မရှိတော့။

"ကျေးဇူးကန်းတဲ့ကောင်မ"

မာမီသိန်းက မောကြီးပန်းကြီးဆိုသည်။ မလှုပ်မယှက်ဖြစ်နေသော မမယ်တင့်ကို ကြည့်သည်။

လင်အတွက်နှင့်တော့ မာမီသိန်း ဘယ်တော့မှ နောင်တရလိမ့်မည်မဟုတ်ပါ။

"အခု ... ညည်းသေပြီ မဟုတ်လား"

တကယ်လည်း မမယ်တင့်မှာ သူ့ရှေ့မှောက်တွင် သေဆုံးသွားပါပြီ။

"မှတ်ထား ... ငါကိုယ်တိုင် ရဲစခန်းသွားပြီး အဖမ်းခံမှာ"



www.burmeseclassic.com

www.burmeseclassic.com

## ပုရိပ်တို့၏ အငွေ့အသက်

ထိုညက လမှာတော်တော်လေးသာသည်။

မှတ်မှတ်ရရ တန်ဆောင်မုန်းလပြည့်နေ့။ ကောင်းကင်တွင် မိုးသားမိုးရိပ်တို့ကင်းစင်လျှက် ကြယ်ရောင်လက်လက်တွေက ညအလှကို ပံ့ပိုးပေးထားသလိုပင်။

ကျောက်ဘီလူးက အုတ်ဂူတစ်လုံးပေါ်တွင်ထိုင်ကာ အေးအေးလူလူ အရက်သောက်နေသည်။ ဘုန်းကြီးကျောင်းမှ ခွန့်လိုက်သော ငါးခြောက်ဖုတ်ဆီဆမ်းကလည်းကောင်းသမို့ အရက်သောက်ရသည်မှာ ဖိမ်တွေ့လှသည်။

စီးဆင်းနေသော စမ်းချောင်းမြစ်ရေက တလက်လက်။ ပိုက်ချွတ်လာသော ငါးဖမ်းလှေတစ်စီးကိုမြင်နေရသည်။

ခပ်လှမ်းလှမ်းမှ ခွေးအူသံကိုကြားလိုက်ရသည်။ စောစောလေးကပင် မမယ်တင့်ဝီညာဉ်နှင့် စကားပြောခဲ့ရတာကို ပြန်အမှတ်ရနေမိ၏။

နတ်ကတော်ပီပီ နတ်သံနှော၍ ပြောပြခဲ့သောအကြောင်းအရာ



www.burmeseclassic.com

www.burmeseclassic.com



ခွဲ့က စိတ်ဝင်စားစရာကောင်းလှသည်။

မာမီသီနီးမှာ ဒေါ်သကို မချုပ်တီးနိုင်သောကြောင့် ထောင်(၁၀)နှစ် ကျသွားခဲ့ရ၏။ သူ့အသက်အရွယ်နှင့်ဆိုလျှင် ထောင်ထဲမှာပင်သေဆုံးရ ဖွယ်ရှိသည်။ သဘာဝကိုဖီလာဆန်ခဲ့သောအဖြစ်က သင်ခန်းစာရစရာ ပေပင်။

ကောင်လေးမှာ မမယ်သင့်ကွယ်လွန်ပြီး မကြာခင်မှာပင် တစ်ရွာ တစ်ကျေးသို့ပြောင်းရွှေ့နေထိုင်ကာ ရွယ်တူကောင်မလေးတစ်ယောက်နှင့် လက်ထပ်ကာ ပေါင်းသင်းနေထိုင်ခဲ့၏။

မမယ်တင့်မှာ ကောင်လေးအပေါ် စိတ်မနာနိုင်ခဲ့။ မာမီသီနီးနှင့် ဆန့်ကျင်ဘက်။ ကောင်လေးနေထိုင်ရာဒေသသို့လိုက်သွားကာ ဝိညာဉ် အဝနှင့် စောင့်ရှောက်နေသည်။ အန္တရာယ်ရှိလျှင် ကြိုတင်သတိပေးမှုမျိုးတွေ လုပ်သည်။ အိပ်မက်ပေးသည်။

"ကိုကျောက်ဘီလူးရယ် ... ဖြစ်နိုင်ရင် ကောင်လေးရဲ့မိန်းမ ခိုက်ထဲကို ပြန်ဝင်စားချင်တယ် ... တော်ကူညီနိုင်ပါ့မလား"

ထိုအရာအတွက်တော့ သူဘယ်လိုမှမစွမ်းဆောင်နိုင်ပါ။ လူ တစ်ယောက်အတွက် ထိုက်သင့်သောဘဝတစ်ခုကို ထိုသူ၏ကံတရား ကသာ ဆုံးဖြတ်ပေးနိုင်ပါလိမ့်မည်။ သူမ သရဲဘဝက ဘယ်အချိန်ကျွတ် ညေကို မပြောနိုင်သလို ဘယ်ဘဝကို ကူးပြောင်းမည်ဆိုတာလည်း သူအတတ်မသိပါ။

လေဝေ့ဝေ့လေးတစ်ချက်က ကျောက်ဘီလူးကိုဖြတ်သန်းတိုက် ခတ်သွားသည်။ ခပ်လှမ်းလှမ်းမှ ဝိညာဉ်တချို့ ရိပ်ခနဲ ဖျတ်ခနဲသွားလာ လုပ်ရှားနေတာမြင်လိုက်ရ၏။ များစွာသော မကျွတ်မလွတ်သေးသည့်



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်များရှိပါသည်။ သို့တစေ သူနှင့်အဆက်အသွယ်မရှိခဲ့။ ဆက်သွယ်ခဲ့သည် (၅)ယောက်နှင့်ပင် သူရင်တွေ့နာလှပေပြီ။

ကျန်ရှိနေသည့် မဆယ်ဆိုသော မိန်းမ၏အဖြစ်မှာလည်း တစ်မျိုးတစ်ဘာသာ။ အရက်က သောက်လို့ကောင်းနေဆဲတွင်ပင် ကုန်သွားလေပြီ။ အာသာမပြေချင်သေး။ လက်ထဲတွင်လည်း ပိုက်ဆံမရှိတော့။ ချက်အရက်ရောင်းသော သာဒွန်းအိမ်သို့သွားကာ အကြွေးယူရန်သာရှိတော့၏။

ထို့ကြောင့် ပုလင်းကိုခါးထိုးလျက် ရွာထဲဘက်သို့ထွက်လာခဲ့၏။ ခွေးတချို့က သူ့ကိုမြင်တော့ သရဲတစ္ဆေတွေ့သလိုမျိုး ထိုးဟောင်သည်။

"ဝုတ် ... ဝုတ် ... ဝုတ်ဝုတ်"

ထို့ကြောင့် လမ်းဘေးမှ ခဲကိုယူကာ ကောက်ထုရသေး၏။ သာဒွန်းအိမ်မှ မီးရောင်လက်လက်ကို မြင်နေရသေး၏။ အိပ်ကြသေးပုံမပေါ်။

"ဗျို့ ... သာဒွန်း"

သာဒွန်းတို့လင်မယားနှစ်ယောက်လုံး ရှိနေသည်။

"ငါ့ကို အရက်တစ်လုံးလောက် အကြွေးပေးကြစမ်းပါဦးဟာ"

သာဒွန်းမိန်းမ မျက်နှာက သိပ်မသာယာ။

"ရှင် ... အရင်ကြွေးလည်း မဆပ်သေးဘဲနဲ့"

"ဆပ်မှာပါဟာ ... ငါရှိရင် ဘယ်တုန်းကနေဖူးလို့လဲ"

သာဒွန်းကတော့ ကျောက်ဘီလူးအောက်လမ်းပညာတတ်တာ သိသဖြင့် နည်းနည်းလန့်သည်။ မတော် တစ်ခုခုမကျေမနပ်ဖြစ်လျှင် သူ့ကို တစ်ခုခုလုပ်မှာ ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းပါဟာ ... ပေးလိုက်စမ်းပါ ... ပြောမနေပါနဲ့"

မိန်းမလုပ်သူက ဆူဆူအောင့်အောင့် ထည့်ပေးလိုက်သည်။

"ကိုကျောက်ဘီလူးရေ ကျုပ်မိန်းမကိုတော့ ဘယ်လိုမှမထင်နဲ့ ဗျနော် ... သူ့အကျင့်က ဒီအတိုင်းပဲ၊ ပါးစပ်ကသာပြောတာ၊ လက်က တော့ ရော့ အင့်ပဲ"

ကျောက်ဘီလူးကတော့ ပြုံးပြုံးကြီးနှင့် ...

"ကျုပ် အရက်ဆက်သောက်ရတာပဲ ကျေးဇူးတင်နေပါပြီ"

သူ့အရက်ယူပြီး သာဒွန်းတဲမှ ထွက်လာခဲ့သည်။ ရွာထဲမှ မယ် ဒလင်တစ်လုံးနှင့် သီချင်းဆိုနေတာ ကြားရ၏။ တွံတေးသိန်းတန်၏ မကြြင်ဘယ့်အတွက်မုန်း သီချင်း။

အသံကမဆိုးလှ။ နားထောင်၍ကောင်းလှသည်။ အလွမ်းဓာတ် ခံရှိသူအတွက်ဆိုလျှင်တော့ မျက်ရည်ပင်ကျလောက်သည်။

ကျောက်ဘီလူးသချိုင်းကိုပြန်ရောက်တော့ သူထိုင်နေသည့် အုတ်ဂူနားတွင် ဖြူဖြူဝိညာဉ်တစ်ခုကို တွေ့လိုက်ရသည်။

မဆယ်များဖြစ်နေမလား။

သည်လို လပြည့်နေ့မျိုးတွင် မဆယ်ရောက်လာတတ်သည်။ သူ့ ရင်ထဲတွင်ရှိနေသော အလွမ်းတွေကို ဖောက်သည်လာချတတ်သည်။ ယခု လည်း ဘယ်လိုအလွမ်းတွေကို သီကုံးလေဦးမည်မသိ။ အင်းလေ ... ည်သို့ပင်ဖြစ်စေ သူကတော့ နားထောင်သူတစ်ယောက် ဖြစ်ရလေဦး ည်ပေါ့။

---



www.burmeseclassic.com

www.burmeseclassic.com

## မဆယ်ဆိုသော မိန်းမတစ်ယောက်

ညမှောင်မှောင်ထဲတွင် လျှပ်စီးတွေလက်နေသော မဆယ်အတိုင်းသာမြင်နေရ၏။ သူမ၏အပြန်လမ်းတွင် မိုးများမိနေမလားဆိုသောအချက်ပင်။ ထို့ကြောင့် ခြေလှမ်းကိုသွက်သွက်လှမ်းသည်။ ဆောင်းစရာထီးလည်းမရှိ။ လေပြင်းပြင်းတိုက်လာသည်။ လေထဲတွင် စိုစိုစွတ်စွတ်မိုးနံ့က ကပ်ပါလာခဲ့၏။

သူမ အပြန်နှုန်းကို´ ထပ်တင်လိုက်သည်။ သို့သော် မိုးမှာ သူမနောက်မှအော်၍ လိုက်လာသည်။ ဘယ်လိုမှမလွတ်တော့မှန်း သိလိုက်ပေပြီ။ သူမမှာ ခေါင်းကို မိုးရေများများထိလျှင် ထိုနေ့အတွက် ခေါင်းမခံမရပ်နိုင်လောက်အောင် ကိုက်ခြင်းပင်။

သူမ ခြံဝင်းတစ်ခုအတွင်းသို့ ပြေးဝင်လာခဲ့သည်။ မီးလောင်လက်နေသော ပိုလ်အိမ်တစ်အိမ်၏ ပေါ်တီကိုရှိသည်။ သူမပေါ်တီကိုအောက်ရောက်ချိန်တွင် မိုးမှာဝုန်းဒိုင်းကြဲရွာချပါတော့၏။ တော်ပါသေးသည် မိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သီသီလေး လွဲခဲ့ရ၍ ... ။

သူမအတန်ကြာရပ်စောင့်နေစဉ် အိမ်ကြီးအတွင်းမှ ငြီးသံလိုလို ဘာလိုလိုကြားလိုက်ရ၏။ ပထမတော့ မသေချာ။

မိုးသံများလျော့ပါးသွားမှ အသံကို သဲသဲကွဲကွဲကြားလာရ၏။ ဟုတ်သည်။ တစ်စုံတစ်ယောက်၏ ငြီးသံစစ်စစ်။ သိလိုစိတ်က သူမရင်ကို စေ့ဆော်လာသည်။ တံခါးကိုလက်ဖြင့် အသာထိကြည့်တော့ ပွင့်ဟသွားသည်။ စေ့ရုံလေးစေ့ထားသည့်သဘော။ ညှော်ခန်းထဲတွင် မီးရောင်က လင်းလင်းကျင်းကျင်း။

'ငြီးသံမှာ ညှော်ခန်းမှမဟုတ်ဘဲ ညှော်ခန်းနှင့်တွဲလျက်အခန်းက ထွက်နေခြင်းဖြစ်သည်။

သူမျှားအိမ်အတွင်းသို့ ပိုင်စိုးပိုင်နင်းဝင်ရောက်ခြင်းမှာ ရိုင်းပျသော အမူအကျင့်မှန်းသိသော်လည်း သိလိုစိတ်တွေက ပြင်းပြနေသော ကြောင့် ခြေကိုဖွဖွနင်းကာ လျှောက်လာခဲ့သည်။

အသံကပို၍ကျယ်လာသည်။ မိန်းမတစ်ယောက်၏အသံ အခန်း အတွင်းသို့ လှမ်းကြည့်လိုက်၏။

ကုလားထိုင်တစ်လုံးတွင် သူမကိုကျောပေးထိုင်နေသော မိန်းမ တစ်ယောက်။ လူးလူးလိမ့်လိမ့် ညည်းညူနေခြင်းဖြစ်သည်။

သူမ ခပ်သွက်သွက်လေးလှမ်းကာကြည့်တော့ ကိုယ်ဝန်အရင့် အမာကြီးနှင့် ဗိုက်နာနေသည့်သဘော။

''ကျွန် ... ကျွန် ... ကျွန်မ ဘာကူညီပေးရမလဲဟင်''

''ဗိုက်အရမ်းနာနေတယ် ... မွေးတော့မယ်နဲ့တူတယ် အား ကျွတ် ... ကျွတ် ... အမလေး''



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင်မိန်းမက သူမကို အားကိုးတကြီးမော့ကြည့်သည်။

"မြတ်ဇ ၂ဘုရား"

မဆယ် ဘုရားတမိလျက် မျက်လုံးတွေ ဝိုင်းစက်သွားရ၏။ ကြည့်ပါဦး။ ထိုမိန်းမမှာ သူမနှင့်တစ်ထေရာတည်းတူနေခြင်းပင်။ ကိုယ်ဝန်မှလွဲလျှင် သူမကိုယ်ပွားပင်။

ဒါ ... ဘယ်လိုဖြစ်ရတာလဲ။ ဘာကြောင့်ပါလဲ။

"ကျွန်မကိုကယ်ပါ ... ကယ်ပါ ... အား ... ကျွတ် ကျွတ် ကျွတ်"

မဆယ် အံ့သြနေဖို့ အချိန်မပေးနိုင်ပါ။ ထိုမိန်းမမှာ မရှူနိုင်မကယ်နိုင်အောင်ဖြစ်နေပြီ။ သူမ ထိုမိန်းမလက်တစ်ဖက်ကို ဖမ်းဆုပ်ကိုင်ထားသည်။

"အား ... အမလေး ... ကျွတ်ကျွတ်"

"ခဏလောက် အားတင်းထားပါလား ... ကျွန်မ ရှင့်ကိုဆေးရုံပို့ပေးမယ်"

အားရှိအောင်သာပြောလိုက်သော်လည်း သူမ ဘယ်လိုက ဘယ်လိုစလုပ်ရမှန်းမသိ။ ယင်းအခိုက် ... ကလေးမှာ အောက်သို့ထွက်ကျလာလေသည်။

"အို ... ဒုက္ခပါပဲ"

သူ့အလိုလို မွေးလာခဲ့ပေပြီ။

ကလေးက နီတာရဲလေး။ သမီးမိန်းကလေး။ ထိုမိန်းမ၏ တစ်ကိုယ်လုံး ရေခဲတမျှအေးစက်လာသည်။ ချွေးသီးချွေးပေါက်တွေက



www.burmeseclassic.com

www.burmeseclassic.com



စိုစိုရွှဲရွှဲ။ ခဏာနေတော့ အရှုပ်ကြီးပြတ်ဖြစ်သွားသည်။

"ဟင် ... အမလေး"

သေချာတာတစ်ခုမှာ အသက်မရှိတော့ခြင်းပင်။

"အို ... ရှင် ... ရှင်မသေရဘူး ... မသေရဘူး"

သူမ ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ သူမနှင့်အလွန်တူသောမိန်းမ။ သမီးလေးမွေးပြီး သေဆုံးခဲ့သည်။ ဘယ်လောက်များ အံ့ဩထိတ်လန့်စရာ ကောင်းလိုက်ပါသလဲ။

ဘယ်လောက်များ ထူးခြားဆန်းကြယ်သောဖြစ်ရပ်ပါလဲ။

"ရှင်သေလို့မဖြစ်ဘူး ... မသေရဘူး"



www.burmeseclassic.com

www.burmeseclassic.com

မဆယ် ကယောင်ချောက်ချားဖြစ်စွာ အိပ်မက်မှ လန့်နိုးလာခဲ့သည်။ ခုတလော သူမ ထိုအိပ်မက်မျိုး (၃)ကြိမ်ထက်မက မက်နေခြင်းမှာ ဘာကြောင့်ပါလဲ။ မက်တိုင်းလည်း တစ်ပုံစံတည်းပင်။

မက်တိုင်းလည်း အလန့်တကြားဖြစ်ရသည်။ အခေါ်က ...

"သွေးလေမနှန်လို့ဖြစ်တာပါကွယ် ... စိတ်ထဲမှာ ဘာမှထားမနေပါနဲ့"

နောက်ပိုင်းတွင်တော့ ထိုအိပ်မက်မျိုးမမက်တော့သလို ထိုအကြောင်းနှင့်ပတ်သက်ပြီးလည်း မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## ဒဿလို အချစ်မျိုး

မဆယ်(၁၀)တန်းတက်သည့်နှစ်မှာပင် အဖေက ရုတ်တရက် သေဆုံးသွားခဲ့သည်။ သွေးတိုးရောဂါကြောင့်ပင်ဖြစ်၏။ အမေကလည်း ဆုံးသွားပြီးသည့်နောက်ပိုင်းတွင် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ ကျန်းမာရေး ချူချာလာခဲ့သည်။

အဖေချန်ထားခဲ့သောပစ္စည်းတွေက သူမတို့အတွက် လုံလောက်ပါသည်။

တိုက်တစ်လုံးရှိသည်။ တောင်ငူဈေးထဲတွင် ပဲအမျိုးမျိုးရောင်းဝယ်သည့် ပွဲရုံရှိသည်။ အတိုးအရင်းလေး ပေးထားတာရှိသည်။ ရွှေထည်ပစ္စည်းလေး အသင့်အတင့်ရှိသည်။

အဖေဆုံးသည့်အခါ အဖေ့ဦးလေးက ပွဲရုံကိစ္စကို ဆက်လက်တာဝန်ယူပေးသည်။ ဦးလေးက သဘောကောင်းသလို ရိုးသားဖြောင့်မတ်သူလည်းဖြစ်သည်။ မဆယ်ကို ကျောင်းဆက်မတက်စေတော့ဘဲ ပွဲရုံကို ဦးစီးဦးဆောင် လုပ်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အဖေရဲ့ လက်ငုတ်လက်ရင်းကို တိုးပွားအောင်ဆက်လုပ်စေချင်တယ် သမီး"

ထို့ကြောင့်လည်း သူမဦးလေးစကားကို နားထောင်ခဲ့သည်။

မဆယ်တွင် ထက်မြက်မှုတွေရှိသည်။ ဘယ်အရာမဆို မဖြစ်ဖြစ်အောင်လုပ်တတ်သည်။ အတ္တလည်း နည်းနည်းကြီးသည်ဟု ဆိုချင်ပါသည်။

ပွဲရုံကိစ္စနှင့်ပတ်သက်သမျှကို ဦးလေးထံမှသင်ယူခဲ့သည်။ (၁)နှစ်အတွင်းမှာပင် သူမကောင်းကောင်း နားလည်တတ်ကျွမ်းသွားသည်။ သူမတို့ပွဲရုံနှင့် မလှမ်းမကမ်းတွင် ကုန်စုံဆိုင်ကြီးတစ်ဆိုင်ရှိသည်။ ထိုဆိုင်တွင် အလုပ်လုပ်နေသော ဖြူဖြူဆိုသော ကောင်မလေးတစ်ယောက်ရှိသည်။ တစ်ချိန်က မဆယ်နှင့်ဖြူဖြူမှာ ကျောင်းအတူတူတက်လာသော သူငယ်ချင်းများဖြစ်သည်။ ရင်းရင်းနှီးနှီးလည်းရှိကြသည်။

ဖြူဖြူ၏မိဘများမှာ သိပ်တော့ဆင်းရဲတော့ မဟုတ်ကြပါ။ အတန်အသင့်တော့ စားနိုင်သောက်နိုင်ကြပါ၏။ အခေါ်က ဖြူဖြူအား ကုန်စုံဆိုင်တွင် လာရောက်ကူညီရန်ခေါ်ထားသဖြင့် ရောက်နေရခြင်းဖြစ်၏။

ဖြူဖြူစရိုက်နှင့်မဆယ်စရိုက်တို့မှာ ဆန့်ကျင်ဘက်ဖြစ်၏။ ဖြူဖြူကအနေအေးဆေးသည်။ မိန်းမပီသသည်။ ဝန်တိုစိတ်မမွေး။ ဘဝကို ရိုးရိုးစွာလျှောက်သူ။

နာမည်နှင့်လိုက်ဖက်စွာပင် မျက်နှာလေးက ဖြူဖြူဃန့်သန့်လေး။
အမြဲတစေ ရိုးရိုးလေးသာ ဝတ်တတ်သူ။

မဆယ်မှာ လှသော်လည်း၊ သူမအလှက ပူလောင်ပြင်းသည်။ ဘယ်အရာမဆို ဘယ်လိုအခက်ခဲမဆို ရင်ဆိုင်ရမှာ ဝန်မလေးသလို သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



လည်းရှိသည်။ ထက်ထက်မြက်မြက် သွက်သွက်လက်လက်ရှိသည်။ ခေတ်ပေါ်အဝတ်အစားများကို ဝတ်ဆင်တတ်သည်။ ထို့ကြောင့်လည်း ပွဲရုံလိုလုပ်ငန်းကြီးတွင် သူမနှင့်အံဝင်ခွင်ကျဖြစ်နေရခြင်းဖြစ်သည်။ ပွဲရုံတွင် အလုပ်လုပ်နေသော အလုပ်သမား(၃)ယောက်မှာ သူမကိုကြောက်ကြရ၏။

သူမကလည်း အလုပ်နှင့်ပတ်သက်လာလျှင် စည်းကမ်းအရာ၌ နာမည်ကြီးသည်။

ထို့ကြောင့် ဦးလေးက အုပ်ချုပ်သူတစ်ယောက်ဖြစ်သာရှိပြီး အရာရာကို သူမအားစိတ်ချစွာ လွှဲပြောင်းပေးလိုက်ခြင်းဖြစ်၏။

တစ်နေ့ ...

ထိုတစ်နေ့သည် မဆယ်ဘဝအား အပြောင်းအလဲဖြစ်စေရန် ဖန်တီးပေးလိုက်သောနေ့ဟု ဆို၍လည်းရသည်။ ယင်းမှာ ဦးလေးလူတစ်ယောက်ကို ပွဲရုံသို့ခေါ်လာခဲ့ခြင်းဖြစ်သည်။

"သမီးရေ ... ဦးလေးနဲ့စကားနည်းနည်းပြောရအောင်"

"ဘာများထူးထူးခြားခြားရှိလို့လဲ ဦးရဲ့"

"အခုလက်ရှိ နယ်တွေဆင်းပြီး အဝယ်တော်လုပ်နေတဲ့ သာကျော်ကို ဦးလေးက သိပ်သဘောမတွေ့လှဘူး"

ကျေးရွာများသို့ အဝယ်တော်လွှတ်၍ ငွေကြိုပေးစနစ်ဖြင့် ပဲအမျိုးမျိုးကို လိုက်လံဝယ်ထားရတာမျိုးရှိသည်။

သာကျော်မှာ ထိုတာဝန်ကိုယူထားရသူ။ အစပိုင်းတွင် အလုပ်ကို ကြိုးကြိုးစားစားလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် အကျင့်ပျက်လာတာ လေးတွေရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အငယ်အနှောင်းထားသည့်ကိစ္စ။ အရက်သေစာသောက်စားသည့် ကိစ္စနှင့်အဆိုးမှာ မိမိပိုင်မဟုတ်သောငွေကို အလွဲသုံးစားလုပ်လာခြင်းပင်။ များများစားစားမဟုတ်သော်လည်း နောင်တွင် သည့်ထက်ဆိုးလာနိုင်သည်။

ယခုလည်း သူ့လိပ်ပြာသူမလုံတော့၍ အလုပ်ကို မဆင်းတစ်ရက်ဆင်းတစ်ရက်။

"သမီးလည်း အဲဒါစဉ်းစားနေတာ"

"ဟောဒါ ... ဦးလေးရဲ့မိတ်ဆွေနဲ့ပတ်သက်နေတဲ့ ကလေးတစ်ယောက်ပဲ၊ သူ့နာမည်က မောင်မင်းဇော်တဲ့"

သူမက စေ့စေ့ကြည့်လိုက်သည်။

အသားဖြူဖြူ၊ ဥပမိရုပ်ကောင်းကောင်း၊ အလုံးအရပ်ကယောကျ်ားတစ်ယောက် ပီသပါပေသည်။ သူမနှင့် သက်တူရွယ်တူလောက်ပင်ရှိပါဦးမည်။

သူမ မင်းဇော်ကို မြင်မြင်ချင်းစိတ်ထဲတွင် လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့ရသည်ကိုတော့ ဝန်ခံရပါမည်။

သူ၏ကြည်စင်သော မျက်နှာက သူမကို အထူးပင်ဆွဲဆောင်နေပါသည်။

"ဆက်ပြောပါ ဦးလေး"

"သူဟာ ပွဲရုံကိစ္စမှန်သမျှရော အဝယ်တော်ကိစ္စတွေမှာ အစကတည်းက အတွေ့အကြုံရှိခဲ့ဖူးတယ် ... ဇလိုရင်းပြောရရင် သားငယ်နေရာမှာ သူ့ကိုထားရင်ကောင်းမလားလို့"

"ဦးလေး သဘောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး သဘောဆိုတာဆက် ငါ့တူမကြီးက အလုပ်ရှင်လေ၊ လုပ်ငန်းအတူလုပ်ရမှာက ငါ့တူမကြီး ... ဒီတော့ ငါ့တူမကြီးရဲ့ဆန္ဒက ပိုအရေးကြီးတယ်"

မဆယ်မှာ မြင်မြင်ချင်းပင် မင်းဇော်ကို သဘောကျနေလေပြီ။ ထူးထူးထွေထွေပင် မေးမြန်းရန်မလိုတော့ပါ။ သို့ဖြင့် မင်းဇော်ကို အလုပ်ခန့်လိုက်ပါသည်။

မင်းဇော်မှာ ဦးလေးပြောသလိုပင် လုပ်ငန်းကျွမ်းကျင်ရုံသာမက ကြိုးကြိုးစားစားလုပ်ကိုင်သောကြောင့် မဆယ်မှာ အတိုင်းထက်လွန် သဒ္ဓါတရားပိုခဲ့ရပါသည်။

လစာတင်မက အင်္ကျီအဝတ်အစားများဝယ်ပေးခြင်း၊ အပြင်ထွက်၍စားသောက်ခြင်းများအထိ ရှိလာခဲ့သည်။

"မင်းမိဘတွေက"

"အဖေပဲရှိတော့တယ် ... အခု ဘုန်းကြီးဝတ်နေတယ်"

"ညီအစ်ကို မောင်နှမက"

"ကျွန်တော် တစ်ယောက်ထဲ"

မဆယ်မှာ အကြင်နာတွေ တစ်နေ့တခြားတိုးပွားလာသော်ငြားလည်း မင်းဇော်ဘက်မှ ဘာမျှထူးခြားမှုမရှိခဲ့ပါ။ မတုန်မလှုပ် ကျောက်ရုပ်တစ်ရုပ်လို။

မိန်းမတို့မာယာကို ကောင်းကောင်းအသုံးချခဲ့သည်။ မင်းဇော်မှာ သိမ်မွေ့နူးညံ့စွာ ရှောင်တိမ်း၍သာနေခဲ့ပါ၏။

မဆယ် ဖွဲမလျော့ခဲ့ပါ။

နောက်ဆုံးတစ်နေ့ တစ်နေ့ကုန် သူမအနားမှာရှိနေလျှင် သူမ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်နိုင်ခဲ့ပါ၏။

တစ်နေ့ ... သူမထူးဆန်းသော သတင်းတစ်ခုကို ကြားလာခဲ့သည်။

ယင်းမှာ ကန့်မှုဆိုင်မှ ဖြူဖြူနှင့် မင်းဇော်ကြိုက်နေသော အကြောင်းပင်။ ဘယ်လိုမှ သံသယမရှိခဲ့သောအဖြစ်၊ အလွန်ပင် ပိရိခဲ့ကြပါသည်။

သူမရင်တွေ ကွဲမတတ်ခံစားလိုက်ရသည်။

ပြောစကား၊ ကြားသတင်းကိုမယုံသောကြောင့် ကိုယ်တိုင်လိုက်ချောင်းခဲ့သည်။ အမှန်ပင်ဖြစ်ပါ၏။

ချစ်သူနှစ်ဦး ကြည်နူးနေကြပုံများက သူမရင်ကို ဓားထက်ထက်နှင့်ခွဲလိုက်သလို။ ချုံးပွဲချ ရှိုက်ငိုခဲ့ရသည်။

မာနနှင့်အတ္တက သူမရင်ကို စိုးမိုးလာသောအခါ ...

"စိတ်ချ ဒင်းတို့ကို မရရအောင်ခွဲမယ်"

သူမ တကယ်လည်း ပြောသည့်အတိုင်းလုပ်ခဲ့ပါသည်။ ဖြူဖြူဘက်သို့ ပရိယာယ်တစ်မျိုးဖြင့်ဝင်ကာ မင်းဇော်မကောင်းကြောင်းတွေ ပြောခဲ့သလို မင်းဇော်ကိုလည်း ဖြူဖြူနှင့်ပတ်သက်လာလျှင် သတိထားရမည့် အခြေအနေများကို ပြောခဲ့သည်။

နှစ်ယောက်ကြားတွင် အမျိုးမျိုးသွေးထိုးကာ ပျက်ခဲ့သည်။ ပထမတော့ ချစ်သူနှစ်ဦးကြားတွင် သံသယတွေနှင့် ကတောက်ကဆ ဖြစ်ခဲ့ကြသေးသည်။ သို့သော်လည်း အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်သွားသည့်အခါ မဆယ်အပေါ်တွင် အမြင်ရှေ့စောင်းကုန်ကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



မဆယ်အပေါ်တွင် ယုံကြည်မှုတွေ လျော့နည်းလာသည်။ မဆယ်မှာ ထိုမျှနှင့်တော့ အလျော့မပေးသေးပါ။ ဖြူဖြူ၏မိဘများထံသွားကာ အခြေအမြစ်မရှိသော သူတစ်ယောက်နှင့်ရည်းစားဖြစ်နေကြောင်း သတင်းပို့လိုက်သောအခါ ကုန်စုံဆိုင်ကိုပင် လာခွင့်မပြုတော့ချေ။ ဘယ်ကိုမှလည်း ထွက်ခွင့်မရတော့။

ထိုအခါ ပေါက်ကွဲသွားရသူမှာ မင်းဇော်ပင် ...

"ခင်ဗျားဟာ တော်တော်ယုတ်မာတဲ့ မိန်းမတစ်ယောက်ပဲ မဆယ်"

"ရှင် ... ကျွန်မကို အဲဒီလို မပြောနဲ့"

"ခင်ဗျားလုပ်ရပ်တွေ ခင်ဗျားအသိဆုံးပါ"

"ဖြူဖြူနဲ့ပတ်သက်လာရင် ကျွန်မဘာမှမသိဘူး"

"ခင်ဗျားက ခုတော့သူတော်ကောင်းကြီး လုပ်မနေစမ်းပါနဲ့ဗျာ"

"ရှင့်စကားတွေ တဖြည်းဖြည်း ရင့်သီးလာပြီနော်"

"ဟုတ်တာ မှန်တာကတော့ ပြောရမှာပဲ"

"ရှင် ... ကျွန်မ ကျေးဇူးတွေ ဆပ်နေတာလား"

"ခင်ဗျားက အလုပ်ပေးထားတာကို ကျေးဇူးလို့ထင်နေတာကိုး၊ ကျွန်တော်ရတဲ့လုပ်အားခနဲ့ တန်အောင်ပြန်ဆပ်ခဲ့တာတွေ အများကြီး၊ ဒီလိုတန်ဖိုးမဲ့တဲ့ စကားတွေအများကြီး _ ခင်ဗျားဆီမှာ မလုပ်ချင်တော့တာလည်း ကြာလှပါပြီ၊ ဒီနေ့ပဲ ကျုပ်အလုပ်ထွက်မယ်"

သည်လိုပြောလာတော့ သူရင်ကွဲရလေပြီ။

"ရှင် ... ရှင် ... စဉ်းစားပါဦး ကိုမင်းဇော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ စဉ်းစားနေစရာမလိုဘူး"

"ကျွန်မ ဘဝမှာ ရှင်မရှိလို့ မဖြစ်တော့လို့ပါ"

"သွားစမ်းပါ၊ ဘာတွေလာပြောနေတာလဲ၊ ကျုပ်ဘဝမှာ ဖြူဖြူ ကလွဲရင် ဘာမှမရှိဘူး"

ပြောသည့်အတိုင်းလည်း အလုပ်ကထွက်သွားပါသည်။ သူမ ခြေသလုံးဖက်မတတ် တောင်းပန်ခဲ့သော်လည်း မရခဲ့ပါ။ မင်းဇော် တခြားပွဲရုံ တစ်ရုံသို့ပြောင်းကာ အလုပ်လုပ်ခဲ့သည်။ ဖြူဖြူကို အဆက်အသွယ်ရရန် မပြတ်ကြိုးစားခဲ့သည်။

မဆယ်မှာ ခေသူတစ်ယောက်တော့မဟုတ်။ မင်းဇော် ဘယ်မှာ နေသည်။ ဘယ်မှာအလုပ်လုပ်သည်။ ဖြူဖြူနှင့်ဘယ်လို ဆက်သွယ်ခဲ့သည် ကို အမြဲမပြတ် လူလွှတ်၍ စနည်းနာနေခဲ့၏။

တစ်ရက် ... မင်းဇော်က ဖြူဖြူကို ခိုးပြေးရန် ချိန်းဆိုထားသည် ကို နာရီပိုင်းအလိုတွင် သိလိုက်ရ၏။

မင်းဇော်၏သူငယ်ချင်းတွေက ကားဖြင့်ခိုးပြေးဖို့ အစီစဉ်ဆွဲသည်။ ည(၉)နာရီ လမ်းထိပ်တွင်စောင့်မည်ဆိုသည့် အသေးစိတ်ကိုသိတော့ ချက်ချင်းပင် အကြောင်းကြားခိုင်းလိုက်လေ၏။

ဖြူဖြူထွက်သွားပြီးမှ မိဘတွေက သိရှိသွားလေသည်။ ကား နောက်သို့ အမီလိုက်ကြသည်။ မင်းဇော်နှင့်ဖြူဖြူမှာ မဆယ်လက်ထောက် ချလိုက်မှန်းသိသွားသည်။ မင်းဇော် နာကြည်းသွားသည်မှာ ပြောဘွယ်ရာ မရှိတော့။ ဖြူဖြူ မိဘတွေနောက် ပြန်ပါသွားသည်။

လမ်းတစ်ဝက်အရောက်တွင် ဖြူဖြူမှာ မင်းဇော်ထံပြန်ပြေးလာ ခဲ့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



ကားကအဆင်သင့်ရှိနေသည်မို့ ကားပေါ်တင်ကာ မောင်းပြေးလာခဲ့သည်။

ဖြူဖြူ မိဘတွေ ဒေါသအိုးပေါက်ကွဲသွားလေပြီ။ ရရာကားကိုငှားကာ နောက်မှ ထပ်ချပ်မကွာလိုက်ခဲ့ကြသည်။

ပြေးသူနှင့်လိုက်သူ။

နောက်ကြောင်း ပြန်လှည့်ဖို့ရာ တော်တော်လေး ခက်နေပေပြီ။

တောင်ငူမှအုတ်တွင်း၊ အုတ်တွင်းမှ ကျွဲပွဲ။ ကျွဲပွဲမှဖေယျာဝတီ။ ဖေယျာဝတီအရောက်တွင် မင်းဇော်နှင့်ဖြူဖြူတို့ကို သယ်ဆောင်လာသောကားမှာရိုက်ပေါက်လျှက် လမ်းဘေးသို့တိမ်းမှောက်ကာ သစ်ပင်ကြီးတစ်ပင်နှင့်ဝင်တိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ကံကြမ္မာအလှည့်အပြောင်း

(၆)လခန့် ကြာလွန်ပြီးသည့်နောက် ...

ကားမှောက်မှုဖြစ်စဉ်တွင် ကားမောင်းသူနှင့်ဖြူဖြူမှာ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားခဲ့ပါ၏။

မင်းဇော်မှာ ကားပေါ်မှလွင့်စဉ်ထွက်ကျလျက် ဦးခေါင်းတွင် ဒဏ်ရာရကာ အတိတ်ဖြစ်စဉ်များကို လုံးဝမေ့သွားပါ၏။ ဆေးရုံမှဆင်း သည့်အခါ ဖြူးမြို့ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နေထိုင်ခဲ့ပါသည်။

ထိုသတင်းကိုကြားကြားချင်း မဆယ် ဖြူးသို့လိုက်လာခဲ့သည်။ မဆယ်ကိုမြင်သောအခါ မင်းဇော် မမှတ်မိပါ။ ထိုသို့မမှတ်မိခြင်းအတွက် လည်း မဆယ် အရမ်းကိုကျေနပ်ရပါ၏။ သို့မဟုတ်လျှင် သူမအား အလွန် တရာမုန်းတီးနေသူတစ်ဦးက မည်ကဲ့သို့ပြေပြေလည်လည် ဆက်ဆံပါ မည်နည်း။

အတိတ်ဘဝက ရင်းနှီးသော မိတ်ဆွေတစ်ဦးအဖြစ်သာ ချဉ်းကပ် ခဲ့၏။ ကျေးဇူးရှင်တစ်ဦးကို ကူညီသည့် ဖေးမသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ငူသို့ပြန်ခေါ်သွားရန်တော့ မဖြစ်နိုင်။ နေခဲ့သော ရင်းနှီးသူများနှင့်တွေ့လျှင် အတိတ်ဘဝကအကြောင်းတွေကို ပြန်ပြောလိုက်လျှင် သူမအခက်တွေ့ပေလိမ့်မည်။ ထို့ကြောင့် ဖြူးမြို့တွင် ပွဲရုံတစ်ရုံထောင်ကာ မင်းဇော်ကို ဦးစီးခိုင်းသည်။ သူမမှာတော့ တောင်ငူနှင့်ဖြူးကို ကူးချည်သန်းချည်။

ဘယ်အရာမဆို မဖြစ်ဖြစ်အောင်လုပ်တတ်သော မဆယ်၏ ညဦအတိုင်း လပိုင်းအတွင်းမှာပင် မင်းဇော်ကို လက်ထပ်လိုက်ပါသည်။

မင်းဇော်အတွက်တော့ ချစ်သည် မချစ်သည် သိပ်နားမလည်ခဲ့။ ဘဝတစ်ခုအတွက် စိတ်ချစွာရှင်သန်ရန်အတွက်သာဖြစ်သည်။ လက်ထပ်ပြီးသည့်နောက် မဆယ်မှာ ဖြူးသို့ပြောင်းရွှေ့နေထိုင်ခဲ့သည်။

အဒေါ်တစ်ဦးက လိုက်လံစောင့်ရှောက်သည်။

တစ်နေ့ ဆရာဝန်က ကိုယ်ဝန်ရှိကြောင်း ဆိုလာခဲ့သည်။ မဆယ် အလွန်ပျော်သွားခဲ့သည်။ သားသမီးသံယောဇဉ်ရှိလာလျှင် သူတို့အိမ်ထောင်ရေး ပိုမိုခိုင်မြဲရုံသာရှိတော့မည်လေ။

ထိုရက်အတောအတွင်းမှာပင် အိပ်မက်ဆန်းတွေ မက်လာခဲ့သည်။ အိမ်ကြီးတစ်အိမ်တွင် သူမနှင့်အလွန်တူသော အမျိုးသမီးတစ်ယောက် သမီးငိုန်းကလေးမွေးလာသောအဖြစ်။ ထို့နောက် ထိုမိန်းမသေဆုံးသွားခြင်းပင်။ ဘာအဓိပ္ပာယ်မှန်းမသိ။

သူမ အထိတ်တလန့်ဖြစ်ခဲ့ရ၏။

နောက်ပိုင်းတွင်မူ မမက်တော့သဖြင့် မေ့မေ့ပျောက်ပျောက်ဖြစ်သွားသည်။ ကိုယ်ဝန် (၇)လခန့်ရှိသော တစ်ညနေတွင် မင်းဇော်အရက်သောက်နေကြောင်း သိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တစ်ခါက အဝယ်တော်ဖြစ်ခဲ့ဖူးသော သာကျော်ကသူ နေရာဝင်ယူလိုက်သည့် မင်းဇော်အပေါ် လုံးဝမကျေနပ်ခဲ့ပါ။ သို့ ... လောင်းကစားမှုဖြင့် ထောင်ကျခဲ့သည်။ ပြန်ထွက်လာသောအခါ မ... မှတ်ဘဲ ဆုံတွေ့ခဲ့ကြပြီး လူအုပ်ကောင်းကောင်းဖြင့် ဝိုင်းရိုက်လိုက်ကြခြင်း ဖြစ်၏။

မဆယ် ဆေးရုံသို့ အပြေးတစ်ပိုင်းလိုက်သွားတော့ ခေါင်းတွင် ပတ်တီးအဖွေးသားနှင့် မေ့နေဆဲ။

သတိပြန်ရလာသောအခါ မဆယ်ကို ကောင်းစွာ သတိရသွားပါ တော့၏။

"မင်း ငါ့ဆီဘာလာလုပ်တာလဲ . . . ခုထွက်သွားစမ်း"

"မောင် . . . သတိထားပါဦး မောင်ရယ်"

"ဘာမောင်လဲ မင်းနဲ့ငါ ဘာမှမပတ်သက်ဘူး . . . ငါ့ရင်ထဲမှာ တစ်ယောက်တည်း နှစ်နှစ်ကာကာချစ်ခဲ့ရတဲ့ချစ်သူ အခုဘယ်မှာလဲ"

အကြောင်းစုံကိုသိသောအခါ သူ့အလွန်အင်မတန် ဒေါသထွက် ခဲ့ရပါသည်။

"သူသေတာ မင်းကြောင့် . . . မင်းကြောင့်"

သူမနှင့်လက်ထပ်ခဲ့ကြောင်း၊ ကိုယ်ဝန်မှာ သူနှင့်ရကြောင်းသိရ သောအခါ ကမ္ဘာပျက်မတတ်ခံစားလိုက်ရလေသည်။

"မင်းကို ငါ့အသိစိတ်နဲ့လက်ထပ်ခဲ့တာ မဟုတ်ဘူး . . . မုန်း တယ်၊ သေလောက်အောင်မုန်းတယ် . . . ငါသေတဲ့အထိ မုန်းတယ်"

"ကျွန်မ ဘာပဲဖြစ်ဖြစ် မောင့်ရင်သွေးလေးကိုတော့ ငဲ့ပါဦး မောင်ရယ်"

---



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကိုယူသွတ်ယုတ်မာမှာ သိမ်းပိုက်ခဲ့တာကိုးကွ"

အမုန်းကြီးမုန်းခဲ့သူတစ်ယောက်ဆီမှာမှ သူ့ရင်သွေးရှိနေခြင်းမှာ ဘယ်လိုဝဋ်ကြွေးမျိုးပါလိမ့်။

ဘယ်လိုကံတရားက မျက်လှည့်ပြလိုက်တာပါလိမ့်။

"ကျွန်မနဲ့မောင်ဟာ တရားဝင်လက်ထပ်ခဲ့တာပါ"

"နားမလည်ဘူးကွာ . . . နားမလည်ဘူး"

အခြေအနေမှာ တော်တော်လေး ဆိုးဝါးခဲ့ပါသည်။ ဆေးရုံက ဆင်းတော့ အိမ်သို့ မင်းဇော်ပြန်မလာခဲ့ပါ။ ကြုံရာနေ ကြုံရာစားဖြင့် ဘဝကို လေလွင့်ချင်တိုင်းလေလွင့်နေခဲ့သည်။ သူမလိုက်ခေါ်တိုင်း အရက်နံ့မွှန်ထူးနှင့်သာ မောင်းထုတ်တတ်၏။

တစ်လခန့်အကြာ မင်းဇော် ပျောက်သွားသည်။ ဘယ်ဆီဘယ်ဝယ်သို့ ရောက်နေမှန်းမသိ။ မဆယ်မှာ ကိုယ်ဝန်အရင့်အမာကြီးနှင့် စိတ်ချမ်းမသာဖြစ်ခဲ့ရသည်။ အဒေါ်က စိုးရိမ်နေပြီ။ ကျန်းမာရေးချို့ယွင်းမှာကို ပူပင်နေကြသည်။

တစ်နေ့ မင်းဇော် ဖြူးအရှေ့ဘက် အုတ်ဖြတ်ကျေးရွာရှိ ဆွေမျိုးတစ်ဦး၏ အိမ်တွင်ရောက်နေကြောင်း သတင်းကြားသည်။

သူမ ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ အုတ်ဖြတ်သို့လိုက်သည်။ အုတ်ဖြတ်ရှိအိမ်သို့ရောက်သောအခါ သူမ အလွန်အမင်းအံ့ဩသွားသည်။

ကြည့်ပါဦး၊ အိပ်မက်ထဲတွင်ရောက်ဖူးသော အိမ်ပုံစံနှင့် တစ်ထေရာတည်း။

ဆင်ဝင်အောက်သို့ရောက်ချိန်တွင် မိုးကသည်းသည်းမည်းမည်း



www.burmeseclassic.com

www.burmeseclassic.com



ရှာသွန်းလိုက်သည်။ နေနှင့်ညသာ ကွာသည်။ အိပ်မက်ထဲကလိုပင်။

တံခါးမကြီးက စေ့ရုံသာစေ့ထားသည်။ ညှော်ခန်းတွင် ဘယ်သူမျှမရှိ။

"မောင်"

ပြန်လည်ထူးသံမကြားရ။ ထိုစဉ် မီးဖိုထဲမှ စူးစူးဝါးဝါး ထိုးအောင့်လာသည်။

"အမလေး ... အား. ... ကျွတ် ... ကျွတ်"

သူမ ကြမ်းပြင်ပေးတွင် ပုံရက်သားလေး လဲကျသွား၏။

"အမလေး ... အမလေး ... ကယ်ကြပါဦး ... ကယ်ကြပါဦး"

အခန်းထဲတွင် အရက်သောက်နေသော မင်းဖော်က ထွက်လာသည်။

"မောင် ... မောင် ... ကျွန် ... ကျွန်မကို ကယ်ပါဦး ... ကယ်ပါဦး"

သူမ စူးစူးရဲရဲအော်နေမိသည်။

မောင့်မျက်လုံးတွေက အေးစက်လွန်းလှပါ၏။ ထိပ်ထိပ်ပျာပျာဖြစ်ဟန်မပြ။ ပုံမှန်အတိုင်းပင်။

သူမလက်ကို ဆုပ်ကိုင်လိုက်၏။ ခွန်အားတွေဖြစ်ခဲ့ရသည်မှာတော့ ပြောမပြတတ်အောင်ပင်။

နာကျင်မှုကလည်း အဆက်ထွက်မတတ်။

"ကျွန်မ မွေးတော့မယ်ထင်တယ်မောင်"

ထို့နောက် သူမ သတိတစ်ချက်လစ်သွားလေသည်။ ဗိုးတဝါး



www.burmeseclassic.com

www.burmeseclassic.com


သတိရလာချိန်တွင် အရပ်လက်သည်က မွေးဖွားပေးနေတာ တွေ့သည်။

"ကလေးမ နည်းနည်းလေး အားစိုက်ပြီးညှစ်လိုက် ... ညှစ်လိုက်"

"အားမရှိတော့ မညှစ်နိုင်ဘူးဖြစ်နေတာ"

"ဒီလိုဆို စိုးရိမ်ရတယ်၊ မြို့ဆေးရုံပို့မှဖြစ်မယ်"

"မွေးခါ ဖွားခါနီးမှ ဒီကိုလိုက်လာရတယ်လို့ကွယ်"

သူမခေါင်းတွေ ချာချာလည်ကာ နားထဲမှလေတွေ တဝီဝီထွက်နေသည်။ နာကျင်မှုတွေက မခံစားနိုင်လောက်အောင်ပင်။ စကားပြောသံတွေက ဝေးလာလိုက် နီးလာလိုက်။

ချွေးသီးချွေးပေါက်တွေ တစ်ပြိုက်ပြိုက်ထွက်လာကာ အသားများအေးစက်လျက် နောက်ဆုံးတွင် သူမငြိမ်သက်သွားပါတော့၏။

သူမ သေဆုံးခဲ့လေပြီ။ ကလေးက ဝမ်းဗိုက်ထဲတွင် ဦးစွာသေနှင့် နေသည်။ ရုတ်တရက် ခွာထွက်လာသော ဝိညာဉ်က သူမအလောင်းကို သူမပြန်မြင်နေရ၏။ သေဆုံးသွားပြီဖြစ်ကြောင်း အသိစိတ်တွင်ဝင်ရောက်လာသောအခါ ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်း၊ ပူဆွေးသောကရောက်ခြင်းတို့ ပူးကပ်လျက် ပြန်ပြောတတ်ရန်ပင် ခက်ခဲလှပါ၏။

မောင်ကတော့ အရက်ဆက်သောက်နေဆဲ။ တစ်စုံတစ်ယောက်ကိုပြောလိုက်သည့် စကားတစ်ခွန်းတော့ ကြားလိုက်သည်။

"အလောင်းကို ဖြူးထိပြန်မသယ်တော့ဘူး၊ အုတ်ဖြတ်မှာပဲသင်္ဂြိုဟ်လိုက်တော့မယ်"

---


www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

## ချိန်းဆိုထားမှု

ကျွန်တော် အုတ်ဖြတ်မှ ရန်ကုန်သို့ မပြန်ခင် တစ်ညခန့်ကဖြစ်သည်။ ထိုရက်ပိုင်းအတွင်း ကျွန်တော် ကျောက်ဘီလူးခင်မောင်နှင့် နေ့စဉ်လိုလို ဆုံတွေ့ခဲ့ကြပြီး သူပြောပြသော ရာဇဝင်ဇာတ်ကြောင်းတွေကို နားထောင်ခဲ့ရသည်။

မပြန်ခင်တစ်ရက်က ကျောက်ဘီလူး ကျွန်တော့်အားပြောထားတာတစ်ခုရှိသည်။

"ခင်ဗျားရဲ့ဘကြီးဝိညာဉ်ကို ကြည့်ချင်သလား" ဆိုသော အချက်ပင်။ ကျွန်တော်ကလည်း မဆိုင်းမတွပင် ကြည့်ချင်တာပေါ့" ဟုဖြေခဲ့သည်။ ထို့ကြောင့် ညနေပိုင်းတွင် အုတ်ဖြတ်သချိုင်းသို့သွားရန် ကျွန်တော်ဆုံးဖြတ်လိုက်သည်။ အမှန်စင်စစ် ညပိုင်း ကျွန်တော်တစ်ခါမှုမရောက်ဘူး။ တကယ်တော့ ဝိညာဉ်ကိုတွေ့ရမည်ဆိုသောအခါတွင် စိတ်ထဲမှာတော့နည်းနည်းကြက်သီးထ,ရသည်။ ထိုကဲ့သို့ တစ်ခါမှု မကြုံဘူး၍ကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲသို့ နွားရိုင်းသွင်းချိန်လောက်တွင် ကျွန်တော် လက်နှိပ်ဓာတ်မီးကိုင်လျှက် လွယ်အိတ်တစ်လုံးတွင် လောက်လေးခွနှင့် လောက်စာလုံးကိုထည့်ကာ ထွက်လာခဲ့သည်။ စိတ်ထဲနည်းနည်းရဲစေရန် အရက်နည်းနည်းလောက် ဝင်မော့လိုက်၏။

ကျောက်ဘီလူးအတွက် ချက်အရက်တစ်လုံးနှင့် အမြည်းကိုလည်း တစ်ပါတည်း ဝယ်လာခဲ့သည်။

စစ်တောင်းမြစ်ကမ်းပါးအတိုင်း လျှောက်လာတော့ မိုးကစုန်းစုန်းချုပ်ပြီ။

ထို့ကြောင့် လက်နှိပ်ဓာတ်မီးကို အားပြုလျှက် သချိုင်းသို့ဝင်ရသည်။

"ဗျို့ ... ကိုကျောက်ဘီလူး"

တဲလေးအတွင်းမှ ပြန်လည်ထူးသံမကြားရ။

"ဒီလူ ဘယ်များသွားနေပါလိမ့်"

လရောင်က သိပ်မရှိသောကြောင့် အမှောင်ထုက ကြီးစိုးလို့နေသည်။ အုတ်ဂူဖွေးဖွေးလေးတွေက အစီအရီ။

"ဗျို့ ... ကိုကျောက်ဘီလူး"

တိတ်ဆိတ်ငြိမ်သက်နေဆဲ။ သေသေချာချာ ချိန်းထားပါရက်နဲ့ ဘာကြောင့်လွဲချော်နေပါသလဲ။ ကျင့်သားမရသေးသောကြောင့် သချိုင်းကုန်းထဲတွင် တစ်ယောက်ထဲ ရှိနေသောအဖြစ်မှာ ကျောချမ်းစရာပင်။

"အူး ... အူး ... အူး ... အူး"

ခွေးလေခွေးလွင့်တစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်ပြန်သည်။ ကျောက်ဘီလူးပြောပြသော ကျော်ဘ, မင်းဒင်, မြခက်, မမယ်တင့်နှင့်



www.burmeseclassic.com

www.burmeseclassic.com

မဆယ်တို့ဆီ စိတ်ကရောက်သွားတော့ ပတ်ဝန်းကျင်တွင် သူတို့ရှိနေမလား ဟု အတွေးဝင်ကာ ကြက်သီးတွေထ,သွားရသည်။

သူတို့တစ်တွေ ဘယ်တော့များမှ ကျွတ်လွတ်ကြပါမည်လဲ။ အကယ်၍သာ ကျွန်တော်သာတတ်နိုင်လျှင် ကောင်းမှုကုသိုလ်ပြု၍ အမျှ ပေးဝေချင်ပါသေးသည်။

"ဝုတ် ... ဝုတ် ... ဝုတ်"

ကျွန်တော် လက်နှိပ်ဓာတ်မီးနှင့် ဟိုဟိုသည်သည် ထိုးကြည့်သည်။ ဘာမျှ မမြင်ရပါ။

သည်ညသည် ကျွန်တော်နှင့်ကျောက်ဘီလူး နောက်ဆုံးကြုံတွေ့မည့်ညဖြစ်သည်။ သဘက်ခါ ကျွန်တော်တို့ ရန်ကုန်သို့ပြန်ကြပေမည်။ ပြန်လည်ဆုံနိုင်ရန် အခွင့်အလမ်းများရှိသော်လည်း ဘယ်လောက်ကြာလိမ့်ဦးမည် မပြောတတ်။

ကျောက်ခဲတုံးလေးတစ်တုံး ကျွန်တော့်အပါးမှ လိမ့်သွားသည်။

ခေါင်းနဘမ်းကြီးသွားရသည်။

"ဗျို့ ... ကိုကျောက်ဘီလူး"

"ဗျို့ ... ကိုကျောက်ဘီလူး"

ထူးခြားမှု ဘာမျှမရှိ။ ရှင်းရှင်းဆိုရလျှင် ကျွန်တော် နည်းနည်းတော့လန့်လာသည်။

ကျွန်တော် ဆက်မစောင့်ရဲတော့ပါ။

ဆက်စောင့်ရန်လည်း သတ္တိတွေမရှိတော့ပါ။ ထို့ကြောင့် အရေ နှင့်အမြည်းကို တဲလေးအတွင်းထားလိုက်၏။ အရုပ်ဆိုးဆိုးရုပ်တွေက


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ခြောက်လှန့်နေသလိုမျိုး။ ထို့ကြောင့် မြေပုံအုတ်ဂူများကို ဖြတ်သန်းကာ သင်္ချိုင်းမြေမှ ထွက်လာခဲ့၏။

"နှုတ်ဆက်ခဲ့တယ် ကိုကျောက်ဘီလူးရေး၊ နှုတ်ဆက်ခဲ့ပြီဗျ"

ထိုအချိန်က ကျွန်တော် အရမ်းသိချင်ခဲ့တဲ့တစ်ခုမှာ ကျောက်ဘီလူးခင်မောင် ဘယ်ရောက်နေသလဲဆိုခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

## ဘဝ ဘဝတို့၏ အနှင်းခံ ကျောက်ဘီလူး

ရန်ကုန်ပြန်တော့မှာမို့ အမေ့မှာ အထုပ်အပိုးတွေပြင်ဆင်နေသည်။ ယခင်ကဆိုလျှင် ရွာသို့ မကြာမကြာရောက်ဖြစ်သော်လည်း ယခုတော့ စီးပွားရေး၊ လူမှုရေး၊ သားသမီးအရေးတာဝန်တွေပိုလာသောကြောင့် အကြောင်းကြီးငယ်ရှိမှသာရောက်ဖြစ်တော့၏။

ယခုဆိုလျှင်ရွာတွင် (၁၀)ရက်တိတိကြာသွားပေပြီ။

''မနက်ဖြန်မနက်စောစောမှ ရထားစီးမှာပဲဟယ် ... ဖြည်းဖြည်းဆေးဆေးလုပ်လည်းရပါတယ်''

ဦးလေးက စိတ်မရှည်စွာ အမေ့ကိုပြောသည်။

''အသက်ကြီးလာလို့လားမသိဘူး၊ အရမ်းကိုမေ့တတ်နေတာ၊ သတိရတာလေးတစ်ခုချင်း ထုပ်ပိုးနေရတာပါတော်''

အမေက ဆင်ခြေပြန်ပေးနေသည်။

ပြန်မည်ဆိုတော့ ရွာထဲကလူတွေ လက်ဆောင်လာပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပဲလေးအစ၊ ဆီကလေးအစ၊ ကောက်ညှင်းဆန်လေးအဆုံး အမျိုးမျိုး အမည်မည်ပင်။ များနေပြီ မသယ်နိုင်တော့ဘူးဟုပြောလျှင်လည်းမရ။ ဖြူးအထိလိုက်ပို့ပေးမည့်သူရှိသည်။ ဟိုရောက်တော့ ကားပေါ်တင်ပေး လိုက်မှာပေါ့ဟုဆိုသူက ၃ှသည်။

တစ်ခေါက်တစ်ကျင်းမို့ သူတို့စေတနာကိုလည်း အသိအမှတ် ပြုရပေလိမ့်ဦးမည်။

ကျွန်တော်ကတော့ ဦးလေးနှင့်အတူ ရွာသားသုံးလေးယောက် အပါအဝင် အိမ်ရှေ့တွင် လက်ဖက်ရည်ဝိုင်းဖွဲ့နေကြသည်။ ချောင်းထဲမှ ယက်သဲ့တွန်းရင်းရလာသော ငါးသလဲထိုးနှင့်ပုစွန်လေးတွေကို ငါးပေါင်း ကြော် ကြော်ထားတာ ကြွပ်ရွလို့နေသည်။

အရီးလေး မမယ်မြ၏လက်ရာပင်ဖြစ်ပါ၏။ အရီးလေးမယ်မြမှာ အချက်အပြုတ်ကောင်းသလို အိမ်မှုကိစ္စလည်း နိုင်နင်းသူဖြစ်၏။ လင်ယောက်ျားသေဆုံး၍ ပူဆွေးသောကရောက်နေချိန်မှာပင် ကျွန်တော့် ကိုစားစေလို၍ ခပ်စောစောထကာ ကိုယ်တိုင်ကြော်ကျွေးခြင်းဖြစ်၏။

"ဘယ်လိုလဲ ဇင်မင်း ... အရီးလေးလက်ရာ"

"ကောင်းမှကောင်းပဲ အရီးလေးရေ ... စေတနာလည်းပါတာ မို့ မေ့ကိုမေ့မှာမဟုတ်တော့ဘူး"

အရီးလေးက သဘောတွေကျနေသည်။ ခုထိ ဒယ်အိုးထဲတွင် ကြော်နေတုန်း။ လာသမျှဧည့်သည်အကုန်ကျွေးသည်။

ထိုနေ့နံနက်ခင်းက အအေးအနည်းငယ်ရှိပြီး နေရောင်ခြည် နုနုအောက်တွင် ကြည်ကြည်စင်စင်ရှိနေပါ၏။ ကျွန်တော့်အတွေးထဲတွင် တော့ ညကအကြောင်းဆီပြန်ရောက်သွားသည်။ အမှန်စင်စစ် ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ကိုကြည့်ချင်ရုံတင်မဟုတ်ပါ။ ကျောက်ဘီလူးကိုနှုတ်ဆက်ချင်တာလည်းပါသည်။

ကျွန်တော့်အမြင်တွင် ကျောက်ဘီလူးသည် လူထူးလူဆန်းတစ်ယောက်ဖြစ်ပါသည်။ သူ့ဆီရောက်တိုင်း ဇာတ်လမ်းတစ်ပုဒ်ကိုတော့ နားဆင်ရမြဲဖြစ်သည်။ ထိုသို့ပြောနေစဉ်တွင် သူ၏ဟန်ပန်အမူအရာတွေမှာ အမျိုးမျိုးပြောင်းနေတာ သတိထားမိသည်။ အပြောကောင်းသူဟူ၍လည်း မှတ်ချက်ချရမလိုဖြစ်သည်။ သူပြောသည့်ဇာတ်လမ်းတွေကလည်း စိတ်ဝင်စားစရာကောင်းလှပါ၏။

ညက သူ ကျောက်ဘီလူးကိုမတွေ့ခဲ့ပါ။ ဘယ်သွားနေတာလည်းဟူသည့် သိလိုစိတ်ကလည်းရှိနေ၏။

"ဗျို့ကိုကျော်သာ ဘယ်တုန်းဗျ"

လမ်းပေါ်တွင် လူကြီးတစ်ယောက်နှင့် အသက်(၃၀)ကျော်မျက်နှာစိမ်းအမျိုးသမီးတို့ ဖြတ်လျှောက်သွားတာမြင်သဖြင့် လှမ်း၍ အော်လိုက်ခြင်းဖြစ်သည်။

ဦးကျော်သာမှာ ရေဦးရွာသားဖြစ်ပြီး အမျိုးသမီးကိုတော့ ကျွန်တော်မသိပါ။

"ရေနွေးလေး … ဘာလေးသောက်ပါဦးဗျ"

ဦးကျော်သာ ခြေလှမ်းတွေတုန့်ခနဲဖြစ်သွားပြီး အမျိုးသမီးကို တစ်စုံတရာပြောနေတာတွေ့သည်။ ထို့နောက် သူတို့နှစ်ယောက် ကျွန်တော်တို့အိမ်ထဲဝင်လာကြသည်။

"လာကြဟေ့ … လာကြ"

ကျွန်တော်တို့က ဝိုင်းချဲ့ပေးလိုက်ကြသည်။ ဦးကျော်သာက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းတွင် နေရာယူသလို အမျိုးသမီးက ခြေရင်းတွင် ကျုံ့ကျုံ့လေး ဝင်ထိုင်သည်။

"စောစောစီးစီးဘယ်တုန်းဗျ ... စားကြဗျ ... အကြော်လေး ပူတုန်း ... ကလေးမအကြော်စား ဘာမှအားမနာနဲ့"

"ဟုတ်ကဲ့ရှင်"

အမျိုးသမီးမှာ သနပ်ခါးရေကျဲကိုလိမ်းထားပြီး ခပ်ရိုးရိုးအဝတ်အစားကိုပင် ဝတ်ဆင်ထားပါသည်။ လက်ဝတ်ရတနာဟူ၍ ဘာမှမပါရှိ။

"ပြောမပြောချင်ပါဘူးဗျာ"

ဦးကျော်သာက ထိုသို့ပြောပြီး ရေနွေးတစ်ခွက်ကိုမှုတ်သောက်နေ၏။

"ကြည့်ရတာ အရေးအကြောင်းပေါ်လာတယ်ထင်တယ်"

"ဟုတ်ပါ့ဗျာ ... ဟုတ်ပါ့"

သူက ညည်းညည်းညူညူလေးပြောကာ ရေနွေးခွက်ကိုအောက်သို့ပြန်ချသည်။

"ကျုပ် ကျောက်ဘီလူးကို လိုက်ရှာနေတာ"

"ဘယ်ကျောက်ဘီလူးလဲ"

"ဘယ်ဘီလူးရှိရမှာလဲ ... သင်္ချိုင်းက ကျောက်ဘီလူးခင်မောင်ပေါ့"

"ဘာဖြစ်လို့တုန်း"

"ဟောဒါက ကျောက်ဘီလူးရဲ့နှမ ခင်ကြည်စိန်တဲ့ ... ရေတာရှည်မှာနေတာ ... ကျောက်ဘီလူးပျောက်သွားတာတစ်နှစ်လောက်ရှိပြီတဲ့ ... စုံစမ်းတာလည်း ဘယ်မှမရခဲ့ဘူး ... အခုသတင်းကြားလို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာတာ"

"သံချိုင်းမှာရှိတာပဲ"

"ခင်ကြည်စိန့် မနေ့ညနေခင်းကရောက်တယ် ... သံချိုင်းကို သွားတော့ ကျောက်ဘီလူးကိုတွေ့တယ် ... မြှုန့်ခေါ်တော့ စကားများပြီး ထွက်ပြေးသွားတော့တာပဲ ... ဘယ်ထွက်သွားမှန်းလည်းမသိဘူး ... အဲဒါ ကျုပ်နဲ့လမ်းမှာတွေ့ပြီး အကျိုးအကြောင်းပြောပြတာနဲ့ ... မနက်ကျမှရှာဆိုပြီး ကျုပ်အိမ်မှာတစ်ညသိပ်လိုက်ရတာ"

"အံ့ခုရော"

"ညက ဒီကောင် သူ့တဲပြန်အိပ်ပုံမပေါ်ဘူး ... အရက်ပုလင်းနဲ့ အမြည်းထုပ်တော့တွေ့တယ်"

အရက်ပုလင်းနှင့်အမြည်းထုပ်က ကျွန်တော်ထားခဲ့သောပစ္စည်း။ မတွေ့ရခြင်းအကြောင်းကိုတော့ ကျွန်တော် ခပ်ရေးရေးသဘောပေါက်သွားသည်။ ရင်ထဲတွင် မေးချင်သောမေးခွန်းတွေကလည်း အစီအရီပေါ်လာသည်။

"ကိုကျောက်ဘီလူးရဲ့ဇာတိက ဘယ်ကလဲ"

"ရေတွင်းရှည်"

"မိဘတွေက"

"ဆုံးတာကြာပြီ"

"ညီအစ်ကို မောင်နှမဘယ်နှစ်ယောက်ရှိလဲ"

"သုံးယောက် အကြီးဆုံးက အစ်မ ... သူကအလတ် ... သူ့အောက်ကကျွန်မ"

"ကိုကျောက်ဘီလူးမှာ အိမ်ထောင်ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"အစကရှိတယ် ... ကလေးနှစ်ယောက်"

"အစကရှိတယ်ဆိုတော့ လက်ရှိမှာ"

"လွန်ခဲ့တဲ့သုံးနှစ်လောက်က ဇာတ်ကားမောင်းတဲ့ငထူးတို့ လိုက်ပြေးသွားတယ် ... ကလေးနှစ်ယောက်က ကျွန်မတို့နဲ့ ကျန်ခဲ့တယ်"

"အရင် ကိုကျော်ဘီလူးက ဘာလုပ်လဲ"

"ဇာတ်အဖွဲ့မှာဇာတ်ရဲ့ ... လူကြမ်း ... နောက် အောက်ခြေ သိမ်းအကုန်လုပ်တဲ့သူ"

"ဒါဆို ကိုကျော်ဘီလူးက ဇာတ်အဖွဲ့ထဲကလူပေါ့"

"ကျွန်မတို့မျိုးရိုးက ဇာတ်မျိုးရိုးရှင့် ... အမေက နောက်ပိုင်း မင်းသမီးကြီး ဒေါ်လိပ်ပြာကြည်တဲ့ ... အညာတစ်ခွင်မှာတော့ နောက်ပိုင်း ဇာတ်မှာ လိပ်ပြာကြည်မပါရင် ပွဲမဖြစ်သလောက်ပဲ ... အဖေက နှဲမှုတ် တဲ့ဦးတင်ရောင် ... ဇာတ်အကူးမှာ ကားမှောက်လို့ နှစ်ယောက်စလုံး ပြိုင်တူဆုံးသွားကြတာ"

"ဪ"

ကျော်ဘီလူးမှာ ဇာတ်သမားတစ်ယောက်ဆိုသောကြောင်း ကျွန်တော် အနည်းငယ်တော့ စိတ်ဝင်စားသွားပါသည်။

"သူ ဘယ်တုန်းကပျောက်သွားတာလဲ"

"ပြီးခဲ့တဲ့တစ်နှစ် ဒီအချိန်ပါပဲ ... ဖြူးအနောက်ဘက် မြသိန်းတန်ဘုရားပွဲမှာ ဇာတ်လာကရင်းပျောက်သွားတာ"

"ဘာလို့ပျောက်သွားတာလဲ"

"သူကရှူးနေတဲ့လူပဲ"

"ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားက သူ့နားရင်ကို ဖြတ်ရိုက်လိုက်သလိုခံစားလိုက်ရသည်။

"ဘယ်လို ... ဘယ်လို"

ခင်ကြည်စိန်က သက်ပြင်းကိုအသာချသည်။ လက်ကလေးတစ်ဖက်က သူမခေါင်းထဲသို့သွင်းရင်း တဗျင်းဗျင်းကုတ်သည်။ စိတ်ပျက်သွားသည့်ဟန်ပန်ပင်။ အားလုံးကလည်း သူမပြောလာမည့်စကားကို စိတ်ဝင်တစားနေကြသည်။

ဒီလို ... ဒီလို စောစောကပြောသလို ကိုဝင်းကြိုင်။ အဲ ... အဲကျောက်ဘီလူးခင်မောင်ပဲဆိုတော့။ သူဟာ ဇာတ်အဖွဲ့မှာ လူကြမ်းပေါ့။ ဇာတ်အကူးအပြောင်းပစ္စည်းအတင်အချလုပ်တာလည်းသူပဲ။ ဇာတ်စင်ပေါ်လိုက်ကာတွေဆင်ရတာလည်း သူပဲ။ နောက်ဆုံးရေမရှိလို့ ရေခပ်ရတာလည်း သူပဲ။ ပြောခဲ့ပြီးပါပြီ။ ဇာတ်အဖွဲ့ကသာဆိုပေမယ့် အောက်ခြေသိမ်း လုပ်ရတာပါဆို။

အဲဒီမှာ ယိမ်းသမလေးဝတ်မှုံနဲ့ကြိုက်ကြတယ်။ ပြဇာတ်မှာဆိုဇာတ်ရုံပေါ့။ နှစ်ပါးသွားမှဆို နောက်ကထိုင်ပြီး လက်ခုပ်ဝိုင်းတီးပေးရတာ။ မင်းသားက ဆွဲခေါ်ရင်တော့ တစ်ပိုဒ်စနှစ်ပိုဒ်ဝင်ကပေါ့။ နောက်ပိုင်းလည်း လိုတဲ့နေရာလေးတွေဝင်ပေါ့။ ရုပ်ကတော့ မီးရောင်ထဲမှာ မိတ်ကပ်တွေလိမ်းထားလို့ ကြည့်ပျော်ရှုပျော်ဖြစ်နေတာ။ နေ့ဘက်ဆို ငါးကျီးခြောက်ကတောင် ဆရာခေါ်ရမယ်။

သူမက ပြောရင်းတန်းလန်းယဲ့ယဲ့လေးပြုံးရှာသည်။

"ကိုယ့်အစ်ကိုကလည်း ရုပ်ခပ်ဆိုးဆိုးမို့မတူဘူး မတန်ဘူးရယ်မပြောချင်ပါဘူး ... ဒါပေမယ့် ဝတ်မှုံက ကျွန်မအစ်ကိုကို ဇာကယ်

---



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တာမဟုတ်ဘူး ... နိုင်းကောင်းလို့ လိုရာအသုံးချချင်လို့ ... ကျွန်မက ဇာတ်ထဲက ထမင်းချက်ပဲ _ ဒင်းအကြောင်းကောင်းကောင်း သိတာပေါ့ ... ''

''အကြီးဆုံးအစ်မကရော''

''အစ်မကြီးကတော့ ရေထာရှည်ပဲ့နေတာ''

''အင်း ဆက်ပြောပါဦး''

''မရှိသေးစကားပြောရဦးမယ် _ တစ်နေ့တော့ အဲဒီကောင်မ ဗိုက်ကြီးပါလေရော ... ဘယ်သူနဲ့မှန်းလည်းမသိဘူး ... ဒါကို ကျွန်မ အစ်ကိုက သိသိကြီးနဲ့ယူလိုက်တာ _ ဘယ်လောက်နွားကျသလဲဆိုတာ မပြောပါနဲ့တော့ ... ကျွန်မမှာ ဒေါသတွေထွက်လွန်းလို့ ဇာတ်ထဲက ခဏထွက်ပြီးရေထာရှည်ပြန်နေသေးတယ်''

''ကိုယ်ဝန်ကြီးနဲ့ဇာတ်ထဲမှာပဲဆက်ကနေလား''

''ဗိုက်ပူလာတော့ ဘယ်လိုဆက်ကလို့ရမှာလဲ''

''ဘယ်သူက ညကြေးပေးမှာလဲ ... မွေးခါနီးတော့ ရေထာရှည်ကို ရောက်လာတာပါပဲ ... ဒီကောင်မမျက်နှာကို မကြည့်ချင်ပေမယ့် အစ်ကို့မျက်နှာရှိနေသေးတယ်လေ ... မကြည့်ဖြူတော့လည်း ဘာတတ် နိုင်မှာလဲ ... မိန်းကလေးမွေးတယ် ... ကျွန်မက အဲဒီကလေးအပေါ် တစ်စက်လေး သံယောဇဉ်မရှိပေမယ့် အစ်မကြီးကတော့ ချစ်ရှာတယ်

လူကြီးတွေ ဘာပဲဖြစ်ဖြစ် ကလေးက ကလေးပါပဲတဲ့ ... သူတို့ခမျာ ဘာနားလည်ရှာမှာလဲတဲ့ ... သူက စိတ်ကောင်းမွေးနိုင်ပေမယ့် ကျွန်မကတော့ စိတ်ကောင်းမမွေးနိုင်ပါဘူး ... ဒါ ရှင်းရှင်းပဲပြောတာ''

သူမက မောသွားဟန်နှင့် ခဏနားလိုက်သေးသည်။ ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးခြေရာသဖွယ် ခြေတော်လမ်းတွေထက် ကျောက်ဘီလူးအကြောင်းက ပိုလို့ပင် စိတ်ဝင်စားစရာကောင်းနေပေသည်။

"နောက်တစ်ယောက် ထပ်မွေးတယ်၊ ယောက်ျားလေး၊ အဲဒါကမှ အစ်ကိုကလေးအစစ်၊ ဒီကလေးမွေးတော့လည်း အစ်မကြီးလက်ထဲရောက် ပြန်တာပဲ၊ အစ်မကြီးမှာလည်း သူ့သွေးသားရင်းမို့ ချစ်လိုက်တာများတုန် လို့"

"အပျိုကြီးလား"

"ဟုတ်တယ်၊ အစ်မကြီးရော ကျွန်မရော ခုထိ အိမ်ထောင် သည်တွေမဟုတ်သေးဘူး"

"ဪ"

"ခြံခုနစ်စရှိတဲ့မြင်းဟာ ခြံခုနှစ်တယ်ဆိုတာ သိပ်မှန်တဲ့စကားပါပဲ ရှင် ... ဒီကောင်မက ဇာတ်မှာကားမောင်းတဲ့ ငထူးဆိုတဲ့ကောင်နဲ့ ခြေပုန်းခုတ်ကြတယ်လေ ... သိတဲ့လူတွေက သိပြီး အစ်ကို့ကိုပြောတော့ အစ်ကိုက အယုံအကြည်မရှိဘူး ... သူ့မိန်းမကိုချစ်တဲ့အချစ်က အစွန်းရောက်တာပြောပါတယ် ... တကယ့်ကို အူတူတူ၊ အတတ၊ ဘယ်သူဘာပြောပြော သူ့မိန်းမဘက်ကပဲ ... နောက်ဆုံးလိုက်ပြေးသွား ကြတော့မှ ကြက်ကြီးလည်လိမ်သလိုဖြစ်ကျန်ရစ်တာ"

"တရားမစွဲဘူးလား"

"အစ်ကို့ခေါင်းထဲမှာ အဲဒါတွေမရှိဘူး ... ရိုးလည်းရိုးတာ ကိုး ... နောက်တော့ အရက်တွေစွတ်သောက်ပြီး ခပ်ကြောင်ကြောင် ဖြစ်ရာကနေ ရူးသွားတော့တာပဲ ... စိတ်ကျန်းမာရေးဆေးရုံကို နှစ်ခါ ပို့ခဲ့ရဖူးတယ် ... ပြန်ကောင်းလိုက် ... ပြန်ဖောက်လာလိုက်နဲ့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



လှုကသာ ဗလတောင့်တောင့် ... စိတ်နုတယ် ... အစွဲအလမ်းကြီး တယ် ... ”

“စောစောက ကိုဝင်းကြိုင်လို့ခေါ်တာကြားလိုက်တယ် နာမည် ရင်းလား”

“ရှင်တို့ကို သူဟာ သရဲမွေးပြီးခိုင်းစားတယ် ... အဲဒီသရဲတွေနဲ့ ပတ်သက်ပြီး ဇာတ်လမ်းတွေပြောမပြဘူးလား”

“ပြောပြတယ် ... ပြောပြတယ် ... အဲဒါတွေက တကယ် မဟုတ်လို့လား”

သူမက ခပ်မဲ့မဲ့လေးတစ်ချက်ပြုံးလိုက်သည်။ နောက် ...

“ဒီဇာတ်ကွက်ဇာတ်လမ်းတွေက သူနဲ့ပလဲနံသင့်တဲ့လူဆို ပြောနေကျဇာတ်လမ်းတွေရှင် ... ဆေးရုံမှာတုန်းကလည်း သည်လိုတွေ ချည်းပြောတာ”

“ခင်ဗျား”

ကျွန်တော်နည်းနည်းအောင့်သက်သက်တော့ ခံစားလိုက်ရသည်။ စိတ်မနှံ့သူတစ်ဦး၏ဇာတ်လမ်းများကို အမှန်တကယ် ယုံကြည်ကာ ရင်ထဲတွင်စေးမှတ်ထားခဲ့သည်လို့ပင်။

“ဒါကလည်း အလကားသက်သက်တော့မဟုတ်ဘူး။ အကြောင်း ရှိတယ် ... ဇာတ်ရုံအဖြစ်ကခဲ့တဲ့ ပြဇာတ်တွေထဲမှာ ‘သုဘရာဇာ’ဆိုတဲ့ ပြဇာတ်ဟာ သူလုပ်ပိုင်ခွင့်အရဆုံး ... သူ့ကို လူသိသူသိခံရတဲ့ ဇာတ်လမ်း ရှင့် ... ပြဇာတ်ထဲမှာ သူဟာ သုသာန်မှာမြေကျင်းတူးတဲ့လူ ... ပြဇာတ်ထဲက နာမည်က ‘ကျောက်ဘီလူးခင်မောင်’ သူက သရဲတွေမွေး ပြီးခိုင်းစားတာ ... သူသရုပ်ဆောင်တာတွေကောင်းလွန်းတော့ နာမည်



www.burmeseclassic.com

www.burmeseclassic.com


ရင်းတောင်ပျောက်ပြီး ကျောက်ဘီလူးခင်မောင်ဖြစ်လာတာ"

"သြော် ... သြော်"

ကျွန်တော့်မှာတော့ တသြော်သြော်ဖြင့်သာ သံယောင်လိုက်ပြီး ပြောနေသည်။ ရှုးလို့ရှူးမှန်းပင်မသိသော ကျောက်ဘီလူးအတွက် မိမိကိုယ်ကိုသာ အပြစ်တင်ရုံရှိတော့၏။ ကျွန်တော် ကျောက်ဘီလူး၏ ဟန်ပန်တွေမှာ စီးမျောခဲ့ဖူးသည်။ ကျောက်ဘီလူး၏ အပြောတွေမှာ တိမ်းမူးခဲ့ဖူးသည်။

စိတ်ဝေဒနာရှင်တစ်ယောက်မှန်းလုံးလုံးမသိခဲ့။

"သူပြောတာတွေက ကျွန်မတို့ဇာတ်မှာကနေတဲ့ ပြဇာတ်ဇာတ်လမ်းတွေ ... သူက အကုန်ကျက်မိနေပြီလေ ... ခုတော့ သူဟာ တကယ့်ကို သုဘရာဇာလုပ်ခဲ့တာပဲ"

သည်တော့မှ ကျွန်တော် သူ၏အဖြစ်မှန်ကို ကောင်းကောင်းသဘောပေါက်သွားခဲ့သည်။ ထို့နောက် သူတို့ ကျောက်ဘီလူးကို ရှာရန်ဟုဆိုကာ ဦးကျော်သာနှင့်အတူ ထွက်သွားကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## သံသရာ သည်ဘဝ သည်မျှ

နောက်တစ်နေ့ မနက်စောစောမှာပင် အမေနှင့်ကျွန်တော်ကို ရွာသားတချို့က ဖြူးသို့လိုက်ပို့ကြသည်။ လက်ဆောင်ပစ္စည်းတွေက တနင့်တပိုးမို့ ကျွန်တော်တို့မှာ မနိုင်မနင်း။

BURMESE CLASSIC

လမ်းကြမ်းကြမ်းတွင် စကောထဲဇီးဖြူသီးလှိမ့်သလို ယိမ်းထိုးနေသည့် ကျွန်တော်တို့ကားလိုင်း၏ ယဉ်ကျေးမှုကိုပင် မေ့လျော့ကာ ကျွန်တော် ကျောက်ဘီလူးအကြောင်းကို စဉ်းစားနေမိခဲ့၏။ ကျွန်တော် အမှန်တကယ်ရေးရမည့်ဇာတ်ကောင်ဆိုတာတော့ ကျွန်တော်အသိမလွတ်ကင်းခဲ့ပါ။

သည်လိုနှင့် ...

ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး (၁)နှစ်ခန့်အကြာတွင် အုဘ်ဖြတ်မှလူကြုံတစ်ယောက် ရောက်လာသဖြင့် ကျောက်ဘီလူး အကြောင်းကို ဆက်လက်ကြားသိရ၏။

သူ့ညီမနှင့်တွေ့ခဲ့ကြောင်း။ ရေတာရှည်သို့ ပြန်ပိုက်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း။ မကြာမီပင် ထိုသချိုင်းသို့ ကျောက်ဘီလူးပြန်ရောက်လာခဲ့ကြောင်း။ ထိုအချိန်တွင် သွက်သွက်ခါရူးနေပြီဖြစ်ကြောင်း။ သူ့ကိုယ်သူ ရွာရိုးကိုးပေါက်လျှောက်လျက် သရဲမွေးသူဟု အော်ဟစ်နေကြောင်း ကြားသိရ၏။

ထို့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်ရပါသည်။

သူဘာတွေပြောပြော၊ ဘယ်လိုတွေဆိုဆို သူပြောသွားသည့် ဇာတ်လမ်းပေွက စိတ်ဝင်စားဖို့ကောင်းနေသည်။

ဆွဲဆောင်နိုင်စွမ်းရှိသည်။ လွမ်းမောစရာကောင်းသည်။ ဂမ္ဘီရ ဝတ္ထုလေးတွေရေးနေသော ကျွန်တော့်အတွက်တော့ တန်ဖိုးရှိလှပါ၏။

သိပ်မကြာလိုက်ပါ။

ကျောက်ဘီလူးတစ်ယောက် ကျွန်တော်တွေ့ခဲ့သည့် သချိုင်း၏ တဲလေးအတွင်းမှာပင် လူမသိသူမသိ သေဆုံးသွားကြောင်း ထပ်မံ သိရှိလာရသည့်အခါ ပို၍ပင်စိတ်မကောင်းဖြစ်ရ၏။

ခုတော့ ...

သူ့ဘဝတစ်ခုအတွက် သည်မျှနှင့်ပင် အဆုံးသတ်သွားရှာလေပြီ။ ယခုအဖြစ်ပျက်မှာ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ကမို့ ကြာတော့ ကြာခဲ့လေပြီ။

ယခုတော့ ...

အုတ်ဖြတ်ရွာကြီးပင် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ရွာအဖြစ်မတည်ရှိတော့ပါ။ အရာရာ သင်္ခါရဆိုသောတရားများက ပိုင်စိုးထားသည်မဟုတ်ပါလား။

ကျွန်တော် နားမလည်နိုင်သောတစ်ခုတော့ရှိသည်။

---



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူသည် ဇာတ်သမားတစ်ယောက်။ နေရာစုံကိုရောက်မည်။ ဒေသစုံကိုရောက်မည်။ လူပေါင်းစုံကိုတွေ့မည်။ သည်အထဲမှာမှ အုတ်ဖြတ်သချိုင်းလေးကို တပ်မက်စွာဖြင့် နောက်တစ်ခေါက် ဘာကြောင့် ပြန်လာခဲ့ပါသလဲ။

ဘာကြောင့် သူ့ဘဝကို သည်နေရာတွင်ပင် အဆုံးသတ်ခဲ့ပါသလဲ။ သူ့ဘဝက သနားစရာကောင်းသလို ရင်နာစရာလည်းကောင်းပါသည်။

မည်သို့ပင်ဆိုစေ ...

စကားကြုံလာသည့်အခါတိုင်းသရဲမွေးသူ ကျောက်ဘီလူးခင်မောင်အကြောင်းကို သတိတရပြောဆိုနေကြမှာတော့ အမှန်ပင်ဖြစ်ပါ၏။

ပြီး။

ကြိုးစားပါဦးမည်၊

ဂျမ္ဘူရမောင်ငြေ

၂၉-၆-၀၉



www.burmeseclassic.com